# ကြေးမုံ
The Mirror

၁၃၇၀ ပြည့်နှစ်၊ တော်သလင်းလပြည့်ကျော် ၁ ရက်၊ ကြာသပတေးနေ့၊ (25-9-2008)(၅၈၁၂)


## နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

- နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရား ဥပဒေ စိုးမိုးရေး
- အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
- ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုး တိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

## စီးပွားရေး ဦးတည်ချက် (၄)ရပ်

- စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံ ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

## လူမှုရေး ဦးတည်ချက် (၄)ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
- အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့် ရှောက်ရေး
- မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

# မြန်မာသမိုင်းအဖွဲ့ဥပဒေကို ပြင်ဆင်သည့်ဥပဒေ ပြဋ္ဌာန်း

**ပြည်ထောင်စုမြန်မာနိုင်ငံတော်**

**နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ**

**မြန်မာသမိုင်းအဖွဲ့ ဥပဒေကို ပြင်ဆင်သည့်ဥပဒေ**

**(နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥပဒေ အမှတ် ၇/၂၀၀၈)**

**၁၃၇၀ ပြည့်နှစ်၊ တော်သလင်းလပြည့်ကျော် ၁၀ ရက်**

**(၂၀၀၈ခုနှစ်၊ စက်တင်ဘာလ ၂၄ ရက်)**

နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီသည် အောက်ပါဥပဒေကိုပြဋ္ဌာန်းလိုက်သည်-

၁။ ဤဥပဒေကို မြန်မာသမိုင်းအဖွဲ့ဥပဒေကို ပြင်ဆင်သည့်ဥပဒေဟု ခေါ်တွင်စေရမည်။

၂။ မြန်မာသမိုင်းအဖွဲ့ ဥပဒေပုဒ်မ ၂၊ ပုဒ်မခွဲ(ခ)၌ ပါရှိသော "ပညာရေးဝန်ကြီးဌာန" ဆိုသည့် စကားရပ်ကို "ယဉ်ကျေးမှုဝန်ကြီးဌာန"ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

၃။ မြန်မာသမိုင်းအဖွဲ့ ဥပဒေပုဒ်မ ၅၊ ပုဒ်မခွဲ (ဂ) နှင့် (ဃ)တို့တွင် ပါရှိသော "တက္ကသိုလ်များ သမိုင်းသုတေသနဌာန" ဆိုသည့် စကားရပ်ကို "သမိုင်းသုတေသနဦးစီးဌာန" ဆိုသည့် စကားရပ်ဖြင့် အသီးသီးအစားထိုးရမည်။

၄။ မြန်မာသမိုင်းအဖွဲ့ဥပဒေပုဒ်မ ၉ ကို အောက်ပါအတိုင်းအစားထိုးရမည်-

"၉။ (က) ဝန်ကြီးဌာနသည် အဖွဲ့၏ လုပ်ငန်းတာဝန်များကို ဆောင်ရွက်နိုင်ရန် အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် သမိုင်းသုတေသနဦးစီးဌာနကို ဖွဲ့စည်းထားရှိရမည်။

(ခ) သမိုင်းသုတေသနဦးစီးဌာနသည် တက္ကသိုလ်များ သမိုင်းသုတေသနဌာန၏ လုပ်ငန်းတာဝန်များ၊ ရပိုင်ခွင့်နှင့်ကြွေးမြီများကို ဆက်ခံရမည်။"

**(ပုံ) သန်းရွှေ**

**ဗိုလ်ချုပ်မှူးကြီး**

**ဥက္ကဋ္ဌ**

**နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ**

# ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်အုန်းမြင့်

## ကချင်ပြည်နယ်မှ ထူးချွန်ကျောင်းသား၊ ကျောင်းသူများအား ဂုဏ်ပြုဆုချီးမြှင့်

နေပြည်တော် စက်တင်ဘာ ၂၄

**မန္တလေးမြို့၌ ရောက်ရှိနေသော ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်အုန်းမြင့်သည် စက်တင်ဘာ ၂၃ ရက် နံနက် ၁၀ နာရီတွင် မန္တလေးမြို့မှ လေကြောင်းခရီးဖြင့် ကချင်ပြည်နယ် မြစ်ကြီးနားမြို့သို့ ရောက်ရှိရာ ကချင်ပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်မှူးချုပ်စိုးဝင်းနှင့် တပ်မတော်အရာရှိကြီးများ၊ ပြည်နယ်အဆင့် ဌာနဆိုင်ရာများက မြစ်ကြီးနားလေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြသည်။**

ထို့နောက် ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်အုန်းမြင့်သည် မြစ်ကြီးနားမြို့ မြို့တော်ခန်းမ၌ ကျင်းပသည့် ၂၀၀၈ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ကချင်ပြည်နယ်မှ ဂုဏ်ထူး ခြောက်ဘာသာ၊ ငါးဘာသာတို့ဖြင့် ထူးချွန်စွာ အောင်မြင်ခဲ့ကြသည့် ကျောင်းသား၊ ကျောင်းသူများ၊ သင်ကြားမှု ထူးချွန်ဆုရ ဆရာ၊ ဆရာမများ၊ အောင်ချက်အကောင်းဆုံးကျောင်းများနှင့် မြို့နယ်များအား ဂုဏ်ပြုဆုချီးမြှင့်ပွဲ **စာမျက်နှာ ၉ ကော်လံ ၁ သို့** ❒



**ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်အုန်းမြင့် ၂၀၀၈ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ကချင်ပြည်နယ်မှ ဂုဏ်ထူး ခြောက်ဘာသာ၊ ငါးဘာသာတို့ဖြင့် ထူးချွန်စွာ အောင်မြင်ခဲ့ကြသည့် ကျောင်းသား၊ ကျောင်းသူများ၊ သင်ကြားမှု ထူးချွန်ဆုရ ဆရာ၊ ဆရာမများ၊ အောင်ချက်အကောင်းဆုံးကျောင်းများနှင့် မြို့နယ်များအား ဂုဏ်ပြုဆုချီးမြှင့်ပွဲအခမ်းအနားတွင် ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်စဉ်။** (သတင်းစဉ်)

## ယနေ့ ကြေးမုံ ဆောင်းပါးနှင့် သတင်းများ အညွှန်း




**အင်တာနက် မှုခင်းသတင်း** **စာမျက်နှာ-၅**

**ကလေးတွေ အားရှိအောင်၊ သန်မာထွားကျိုင်းအောင် နို့မှုန့်တွေ ဖိတိုက်ကြရာက မမျှော်လင့်တဲ့ရလဒ် ပေါ်လာတဲ့အတွက် မိဘတွေ သာမက နို့မှုန့်ထုတ်လုပ်သူတွေကော၊ ဌာနဆိုင်ရာတွေကော အလုပ်ရှုပ်ကုန်ကြတယ်။**

**ဒေါက်တာခင်မောင်လွင်၏ "နို့မှုန့်နှင့် ကျန်းမာရေး"**

**(ဆောင်းပါး)** **စာမျက်နှာ-၆**



**သဘာဝသတ္တလောက သတင်းဆောင်းပါး စာမျက်နှာ-၁၀**



အတည်ပြုချိန် ၂း၃၀

ကြေးမုံ The Mirror

၂၅-၉-၂၀၀၈
(ကြာသပတေးနေ့)

# အကြမ်းဖက် အဖျက်လုပ်ရပ်များ ပြည်သူ့အားဖြင့် ဝိုင်းဝန်းဖယ်ရှား

တိုင်းရင်းသား ပြည်သူတစ်ရပ်လုံး၏ ဆန္ဒသည် တည်ငြိမ်အေးချမ်းပြီး ဥပဒေနှင့်အညီ လွတ်လပ်စွာ နေထိုင်လုပ်ကိုင်စားသောက်လိုခြင်းဖြစ်သည်။ ထို့အတူ မိမိတို့မိသားစု တစ်စုချင်းစီ၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကြိုးပမ်းအားထုတ်လိုကြသည်။

နိုင်ငံတော်အစိုးရက ပြည်သူတို့၏ဆန္ဒနှင့်အညီ အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနိုင်ငံတော်သစ်ကို တည်ဆောက်လျက်ရှိသည်။ နိုင်ငံ၏ သမိုင်းကြောင်းအခြေခံ၊ လူမှုဝလေ့စရိုက်နှင့်အညီ နိုင်ငံတော် ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ် (၇)ရပ်ကိုချမှတ်၍ တစ်ဆင့်ချင်း ဖော်ဆောင်နေပြီဖြစ်သည်။

ယခုအခါ နိုင်ငံတော်အစိုးရက ဒီမိုကရေစီနိုင်ငံတော်သစ် အသွင်ကူးပြောင်းနိုင်ရေးအတွက် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး အခြေခံအုတ်မြစ်ကောင်းများကို တည်ဆောက်ရင်း နယ်မြေဒေသ အစိတ်အပိုင်းများအားလုံး ဟန်ချက်ညီညီ ဖွံ့ဖြိုးတိုးတက်လာစေရန် အရှိန်အဟုန်ဖြင့် ကြိုးပမ်းနေသည်။ အနာဂတ် ဒီမိုကရေစီနိုင်ငံတော်သစ်ပန်းတိုင်သို့ အရောက်လှမ်းနိုင်ရေးအတွက် နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေကို ပြည်လုံးကျွတ်ဆန္ဒခံယူပွဲများ ကျင်းပပြီး ဆန္ဒမဲပေးသူ ၉၂ ဒသမ ၄၈ ရာခိုင်နှုန်း၏ ထောက်ခံမှုဖြင့် အတည်ပြုပြဋ္ဌာန်းနိုင်ခဲ့ပြီဖြစ်သည်။

နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေကို ပြည်သူအများစုက ယခုကဲ့သို့ တစ်ခဲနက် ထောက်ခံဆန္ဒပြုကြခြင်းသည် နိုင်ငံတော်အစိုးရ၏ တည်ငြိမ်အေးချမ်းမှုနှင့် ဖွံ့ဖြိုးတိုးတက်မှု ကြိုးပမ်းစွမ်းဆောင်ချက်များကို ယုံကြည်မှု အပြည့်အဝရှိကြောင်း ပြသလိုက်ခြင်းပင်ဖြစ်သည်။

သို့သော် ပြည်တွင်း၊ ပြည်ပ ဆန့်ကျင်ဘက်အဖွဲ့အစည်းများကမူ အတည်ပြုပြဋ္ဌာန်းပြီးဖြစ်သည့် နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေကို အမျိုးမျိုးဝေဖန်စွပ်စွဲ ပုတ်ခတ်နေကြဆဲဖြစ်သည်။ ထိုမျှမက ဆန့်ကျင်ဘက်အုပ်စုများက ပြည်တွင်းဆူပူရေး၊ ဖောက်ခွဲဖျက်ဆီးရေး အကြမ်းဖက် အဖျက်အမှောင့်လုပ်ရပ်များကို လုပ်ဆောင်လာနေကြောင်း တွေ့ရသည်။

ယနေ့အချိန်အခါတွင် နိုင်ငံတော်အစိုးရ၊ ပြည်သူနှင့်တပ်မတော်တို့၏ လက်တွဲညီညီ ကြိုးပမ်းစွမ်းဆောင်မှုဖြင့် ဒီမိုကရေစီနိုင်ငံတော်သစ် ပန်းတိုင်ဆီသို့ ဆက်လက်လျှောက်လှမ်းလျက်ရှိသည်။ တည်ငြိမ်အေးချမ်းသာယာရေး၊ တရားဥပဒေစိုးမိုးရေးနှင့် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးတို့ကို ထိပါးနှောင့်ယှက် အဟန့်အတားပြုလာမည့်မည်သည့်အကြမ်းဖက် အဖျက်လုပ်ရပ်မျိုးကိုမဆို ပြည်သူတစ်ရပ်လုံး၏ အင်အားဖြင့် ဝိုင်းဝန်းဆန့်ကျင် ဖယ်ရှားသွားကြရမည် ဖြစ်ပါသည်။ ။

## ရန်ကုန်အနောက်ပိုင်းခရိုင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း နှစ်ပတ်လည်သင်းလုံးကျွတ် အစည်းအဝေး(၂၀၀၈)ကျင်းပ

**ရန်ကုန် စက်တင်ဘာ ၂၄**

ရန်ကုန် အနောက်ပိုင်းခရိုင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း နှစ်ပတ်လည်သင်းလုံးကျွတ် အစည်းအဝေး (၂၀၀၈)ကို ယမန်နေ့ နံနက်ပိုင်းတွင် အလုံမြို့နယ်ရှိ ခရိုင်အသင်းရုံးခန်းမ၌ ကျင်းပရာ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင် (ရန်ကုန်တိုင်းတာဝန်ခံ)ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ ဒုတိယဥက္ကဋ္ဌ ဒုတိယမြို့တော်ဝန် ဗိုလ်မှူးကြီးမောင်ပါက အမှာစကား ပြောကြားပြီး ၂၀၀၇-၂၀၀၈ ပညာသင်နှစ်တွင် တက္ကသိုလ်ဝင်တန်းစာမေးပွဲ၌ ထူးချွန်စွာ အောင်မြင်ခဲ့ကြသည့် ထူးချွန်အသင်းဝင်ကျောင်းသားများအား ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်သည်။

ထို့နောက် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများဆောင်ရွက်ရန် အလှူရှင်များ၏ လှူဒါန်းငွေများကို ဗဟိုအလုပ်အမှုဆောင် ဒုတိယမြို့တော်ဝန်က လက်ခံသည်။

ထို့နောက် လေဘေးသင့်ဒေသသို့ သွားရောက် ပါဝင်ကူညီခဲ့ကြသည့် အသင်းဝင်များအား တိုင်းအသင်း အတွင်းရေးမှူး ဦးအေးမြင့်က ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်သည်။ ဆက်လက်၍ အစည်းအဝေး ဒုတိယပိုင်းကို အစီအစဉ်အတိုင်း ဆက်လက်ကျင်းပကြောင်း သတင်းရရှိသည်။
(သတင်းစဉ်)

ပြည်သူ့သဘောထား

- ✪ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ✪ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ✪ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအားဆန့်ကျင်ကြ။
- ✪ ပြည်တွင်း ပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

# တိုင်းမှူး ဗိုလ်မှူးချုပ်စိုးဝင်းနှင့် ဗဟိုအတွင်းရေးမှူး ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းဇော်တို့ ကျေးလက်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်

နေပြည်တော် စက်တင်ဘာ ၂၄

**ကချင်ပြည်နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းနာယက၊ ကချင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ မြောက်ပိုင်းတိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်စိုးဝင်းနှင့် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအတွင်းရေးမှူး ကချင်ပြည်နယ်တာဝန်ခံ ဆက်သွယ်ရေး၊ စာတိုက်နှင့်ကြေးနန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းဇော်တို့သည် စက်တင်ဘာ ၁၉ ရက်တွင် မြစ်ကြီးနားမြို့နယ် နန်းကွေ့ကျေးရွာ အမှတ်(၁) တွဲဖက်အခြေခံပညာ အလယ်တန်းကျောင်းခန်းမ၌ ကျေးရွာဒေသခံပြည်သူများအား တွေ့ဆုံ၍ အမှာစကား ပြောကြားသည်။**



ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအတွင်းရေးမှူး ဆက်သွယ်ရေး၊ စာတိုက်နှင့်ကြေးနန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းဇော် မြစ်ကြီးနားမြို့နယ် နောင်နန်းကျေးရွာ၌ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဝတ်စုံများနှင့် ထောက်ပံ့ငွေများ ပေးအပ်စဉ်။ (သတင်းစဉ်)

ယင်းနောက် ကျေးရွာပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းမှ အသင်းဝင် အဆိုပြုလွှာ ၂၅၀ ကို ပေးအပ်ရာ ပြည်နယ်အတွင်းရေးမှူးက လက်ခံသည်။ ဆက်လက်၍ တိုင်းမှူး ဗိုလ်မှူးချုပ် စိုးဝင်းက ကျောင်းသုံးဗလာစာအုပ်များနှင့် ဗဟိုအတွင်းရေးမှူး ဝန်ကြီးက အသင်းဝတ်စုံများနှင့် ထောက်ပံ့ငွေများကို ပေးအပ်ကြသည်။

### အသင်းဝင်အဆိုပြုလွှာ

ယင်းမှတစ်ဆင့် တိုင်းမှူးနှင့် ဗဟိုအတွင်းရေးမှူး ဝန်ကြီးတို့သည် မြစ်ကြီးနားမြို့နယ် နောင်နန်းကျေးရွာ၌ နောင်နန်းကျေးရွာနှင့် ပလနကျေးရွာမှ ဒေသခံများ၊ ရပ်မိရပ်ဖများအားတွေ့ဆုံ၍ တင်ပြချက်များအပေါ် လိုအပ်သည်များ မှာကြားသည်။ ဆက်လက်၍ နောင်နန်းကျေးရွာမှ အသင်းဝင်အဆိုပြုလွှာ အစောင် ၃၀၀ နှင့် ပလနကျေးရွာမှ အသင်းဝင်အဆိုပြုလွှာ အစောင် ၃၀၀ တို့ကို ပေးအပ်ကြရာ ပြည်နယ် အတွင်းရေးမှူးက လက်ခံသည်။

### အမှာစကားပြောကြား

ယင်းနောက် တိုင်းမှူးက ကျောင်းသုံးဗလာစာအုပ်များနှင့် ဗဟိုအတွင်းရေးမှူး ဝန်ကြီးက အသင်းဝတ်စုံများနှင့် ထောက်ပံ့ငွေများကို ပေးအပ်ကြပြီး အမှာစကား ပြောကြားကြသည်။

ဆက်လက်၍ တိုင်းမှူးနှင့် ဗဟိုအတွင်းရေးမှူး ဝန်ကြီးတို့သည် နောင်နန်းကျေးရွာ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းက ဖွင့်လှစ်ထားသည့် ကျေးရွာအခမဲ့ ဆေးခန်းသို့ ဝင်ရောက်ကြည့်ရှုအားပေးကြပြီး ဆေးခန်း၌ အသုံးပြုရန် ထောက်ပံ့ငွေများကို ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။
(သတင်းစဉ်)

## လေဘေးသင့်ဒေသများတွင်အသုံးပြုရန် နေရောင်ခြည်သုံးမီးအိမ်၊ လက်နှိပ်ဓာတ်မီးနှင့် အကြောသွင်းဆေးရည်များ လှူဒါန်း

**ရန်ကုန် စက်တင်ဘာ ၂၄**

သုံးပွင့်ဆိုင်ဗဟိုအဖွဲ့ ဥက္ကဋ္ဌ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးဦးကျော်သူထံ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ အိန္ဒိယသမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာဘာစကာကူးမားမိတရာက လေဘေးသင့်ဒေသများ၌ အသုံးပြုရန်အတွက် အိန္ဒိယသမ္မတနိုင်ငံ စွမ်းအင်အရင်းအမြစ်ဗဟိုဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာအား(ရ်)၊ ကေ၊ ပကျော့ရီက လှူဒါန်းသည့် နေရောင်ခြည်သုံးမီးအိမ်အလုံး ၂၅၀၊ နေရောင်ခြည်သုံးလက်နှိပ်ဓာတ်မီးအလုံး ၂၅၀နှင့် ဖရေစီးနီးယပ်(စ်)ကဘီး အိန္ဒိယလီမိတက်မှ မစ္စတာဂျ(ဂ်)ဒီး(ပ်)ဆင်းက လှူဒါန်းသည့် အကြောသွင်းဆေးရည် ပုလင်း ၁၈၀၀၀၀တို့ကို ယမန်နေ့ မွန်းလွဲ ၁ နာရီတွင် ရန်ကုန်မြို့ နိုင်ငံခြားရေးဝန်ကြီးဌာနရှိ ချင်းတွင်းခန်းမ၌ ပေးအပ်လှူဒါန်းခဲ့ကြောင်း သတင်းရရှိသည်။ **(ယာပုံ)** (သတင်းစဉ်)



## ရန်ကုန်တက္ကသိုလ် သတ္တဗေဒ ကျောင်းသား၊ ကျောင်းသူဟောင်းများ တတိယအကြိမ် သက်ကြီးအာစရိယပူဇော်ပွဲ ကျင်းပမည်

**ရန်ကုန် စက်တင်ဘာ ၂၄**

ရန်ကုန်တက္ကသိုလ် သတ္တဗေဒ ကျောင်းသား၊ ကျောင်းသူဟောင်းများ (၁၉၆၆-၁၉၉၆)၏ တတိယအကြိမ်မြောက် သက်ကြီး အာစရိယပူဇော်ပွဲကို ၂၀၀၉ ခုနှစ် ဇန်နဝါရီလ ၂၅ရက် (တနင်္ဂနွေနေ့)နံနက်၉နာရီမှ မွန်းတည့် ၁၂ နာရီထိ ရွှေကျင်နိကာယသာသနာလင်္ကာရ မဟာဓမ္မဗိမာန်တော်ကြီး၊ ကိုယ့်မင်းကိုယ့်ချင်းလမ်းနှင့်ကြားတောရလမ်းထောင့် ဗဟန်းမြို့နယ် ရန်ကုန်မြို့၌ ကျင်းပမည်ဖြစ်သည်။

ကန်တော့ခံ သက်ကြီးဆရာကြီး၊ ဆရာမကြီးများနှင့် (၁၉၆၆-၁၉၉၆) ကျောင်းသား၊ ကျောင်းသူဟောင်းများ မပျက်မကွက် တက်ရောက်ကြပါရန်နှင့် ဖြစ်မြောက်ရေးကော်မတီနာယက ဆရာဦးကျော်ဘုန်းလင်း ဖုန်း ၀၁-၂၀၃၃၀၃၊ ဆရာမ ဒေါ်တင်စိုး ဖုန်း-၀၁-၃၈၅၄၅၈၊ ဦးမောင်မောင်ဦး (ဟိန်းလတ်)(၁၉၇၀)ဖုန်း-၀၉၅၁-၅၈၅၁၂၊ ဒေါ်သန်းသန်းညွန့်(၁၉၇၂) ဖုန်း ၀၁-၇၂၁၃၂၉၊ဦးကျော်(၁၉၇၃) ဖုန်း ၀၁-၅၇၇၉၄၉၊ ဦးထွန်းဝင်း (၁၉၇၃) ဖုန်း ၀၉၅၁-၂၉၀၅၂၊ ဦးသိန်းထွန်း(၁၉၇၄) ဖုန်း ၀၉၉၉-၇၁၈၃၄၊ ဦးမြင့်လွင်ခိုင် (၁၉၇၅) ဖုန်း-၀၉၅၀-၄၆၈၉၉၊ ဦးစောဝင်း (၁၉၇၆) ဖုန်း ၀၉၅၁-၃၉၄၀၉၊ ဦးစတန်လီကိုကိုကြီး (၁၉၇၆) ဖုန်း ၀၁-၅၅၉၆၀၃၊ ဦးသိန်းဝင်း(၁၉၇၆) ဖုန်း-၀၁-၅၀၄၁၁၇၊ ဒေါ်ဖြူဖြူ(၂) (၁၉၇၆)ဖုန်း ၀၁-၂၄၃၇၄၅၊ ဦးဆန်းလွင်ဦး(၁၉၇၇)ဖုန်း ၀၁-၂၉၆၇၃၂၊ ဦးကျော်မင်းစိုး(၁၉၇၈) ဖုန်း ၀၉၅၁-၇၁၀၃၄၊ ဦးမောရစ်(၁၉၇၈)ဖုန်း၀၁-၂၁၁၀၇၄၊ ဒေါ်ကေသီခိုင် (၁၉၇၈) ဖုန်း-၀၁-၂၉၄၃၆၄၊ ဦးဝင်းရှိန်-ဒေါ်စိုး(၁၉၇၉) ဖုန်း ၀၁-၅၁၁၁၀၇၊ ဦးကျော်ဦးမြင့်(၁၉၇၉)ဖုန်း ၀၁-၅၃၅၈၉၃၊ဒေါ်မူမူခင်(၁၉၇၉)ဖုန်း၀၁-၅၃၄၁၃၃၊ ဒေါက်တာဒေါ်ပြုံးအေး (၁၉၈၀)ဖုန်း ၀၁-၂၅၄၃၇၈နှင့် ဒေါ်စန်းစန်းအေး (၁၉၈၂) ဖုန်း ၀၉၅၁-၅၄၆၇၅ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်းသိရှိရသည်။(သတင်းစဉ်)

## သံအမတ်ကြီး သူရဦးသက်ဦးမောင် ခန့်အပ်လွှာပေးအပ်

နေပြည်တော် စက်တင်ဘာ ၂၅

ဘရူနိုင်း ဒါရူဆလမ်နိုင်ငံဆိုင်ရာ အထူးအာဏာကုန် လွှဲအပ်ခြင်းခံရသော ပြည်ထောင်စု မြန်မာနိုင်ငံတော် သံအမတ်ကြီး သူရဦးသက်ဦးမောင်သည် ၎င်း၏ ခန့်အပ်လွှာကို ၂၀၀၈ခုနှစ် စက်တင်ဘာ ၁၅ ရက်တွင် ဘန်ဒါဆီရီဘီဂါဝန်မြို့၌ ဘရူနိုင်း ဒါရူဆလမ်နိုင်ငံ ဘုရင်မင်းမြတ် ဆူလ်တန်၊ ဟာဂျီ၊ ဟာဆာနယ်လ်၊ ဘိုလ်ကီးယား၊ မူအစ်ဇာဒင်၊ ဝါဒူလာ၊ အဗ်နီ၊ အယ်လ်မာဟွန်၊ ဆူလ်တန်၊ ဟာဂျီ၊ အိုမာ၊ အလီ၊ ဆိုင်ဖူဒင်၊ ဆအာဒူလ်၊ ခိုင်ရီဝါဒင်ထံ ပေးအပ်ခဲ့ပြီးဖြစ်သည်။ (သတင်းစဉ်)

## (၁၆) ကြိမ်မြောက် မြန်မာ့ရိုးရာ ယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဦးတည်ချက်( ၄ )ရပ်

၁။ အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး။

၂။ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားမှု ပိုမိုတိုးတက် ဖြစ်ထွန်းစေရေး။

၃။ တိုင်းရင်းသား စည်းလုံးညီညွတ်ရေးကို အခြေခံသည့် စစ်မှန်သော မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်စေရေး။

၄။ အမျိုးသားယဉ်ကျေးမှု စရိုက်လက္ခဏာများကို ဆက်လက်သယ်ပိုး ထိန်းသိမ်းစောင့်ရှောက်မည့် မျိုးဆက်သစ်များ ပေါ်ထွန်းရေး။

## ဝန်ကြီး ပိုလ်ချုပ်စောလွင် ဝန်ထမ်းများအားတွေ့ဆုံ ရည်မှန်းချက်တာဝန်များအောင်မြင်ရေး တက်ညီလက်ညီကြိုးပမ်းရန် မှာကြား

နေပြည်တော် စက်တင်ဘာ ၂၄

**လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ဝန်ကြီး ပိုလ်ချုပ်စောလွင်သည် စက်တင်ဘာ ၂၂ရက် နံနက်ပိုင်းတွင် ရန်ကုန်တိုင်း လှည်းကူးမြို့သို့သွားရောက်၍ လှည်းကူးမြို့နယ် ဦးစီးဌာနမှူးရုံး၌ ဝန်ထမ်းများအား တွေ့ဆုံပြီး စီမံကိန်းရည်မှန်းချက်တာဝန်များ သတ်မှတ်ကာလအတွင်း အချိန်မီ ပြီးစီးရေးအတွက် ပိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြရန် ရှင်းလင်းမှာကြားကာ လုပ်ငန်းဆိုင်ရာ မှတ်ပုံတင်စာအုပ်များ၊ လုပ်ငန်းသုံးပုံစံများ ပြသထားရှိမှုနှင့် မှတ်တမ်းခန်းအတွင်း ဖိုင်တွဲများ စနစ်တကျ ထိန်းသိမ်းထားရှိမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။**

ထို့နောက် ဝန်ကြီးသည် ပဲခူးမြို့ရှိ လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန ပဲခူးတိုင်း (အရှေ့ပိုင်း) တိုင်းဦးစီးဌာနမှူးရုံး၌ ဝန်ထမ်းများအား တွေ့ဆုံ၍ ဝန်ထမ်းများအနေဖြင့် လုပ်ငန်းဆိုင်ရာ နည်းဥပဒေ လုပ်ထုံးလုပ်နည်းများကို သိရှိနားလည်အောင် အစဉ်လေ့လာဆည်းပူး၍လုပ်ငန်းများကို စနစ်တကျ အမှားမရှိအောင်ဆောင်ရွက်ကြရန်၊ လုပ်ငန်းလိုအပ်ချက်များကို အချိန်နှင့် တစ်ပြေးညီ တင်ပြကြရန်နှင့် တာဝန်ရှိသူအဆင့်ဆင့်ကလည်း ဖြည့်ဆည်းဆောင်ရွက်ပေးကြရန်၊ ဝန်ထမ်းအချင်းချင်း စည်းလုံးညီညွတ်စွာဖြင့် ရည်မှန်းချက်တာဝန်များ အောင်မြင်ရေးအတွက် တက်ညီလက်ညီ လက်တွဲကြိုးပမ်းဆောင်ရွက်ကြရန် စသည်ဖြင့် ရှင်းလင်းပြောကြားသည်။

ယင်းနောက် ဝန်ကြီးအား ခရိုင်နှင့် မြို့နယ်ဦးစီးဌာနမှူးများက လုပ်ငန်းဆောင်ရွက်မှုများကို အသီးသီးရှင်းလင်းတင်ပြကြရာ ဝန်ကြီးက လိုအပ်သည်များ ညှိနှိုင်းဖြည့်ဆည်း ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)



### ကြည့်ရှုစစ်ဆေး

**လူဝင်မှု ကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား ဝန်ကြီးဌာန ဝန်ကြီးပိုလ်ချုပ်စောလွင် လှည်းကူးမြို့နယ် ဦးစီးဌာနမှူးရုံး၌ မှတ်ပုံတင်စာအုပ်များ၊ လုပ်ငန်းသုံး ပုံစံများ ပြသထားရှိမှုနှင့် ဖိုင်တွဲများ ထိန်းသိမ်းထားမှုကို ကြည့်ရှု စစ်ဆေးစဉ်။**

(သတင်းစဉ်)

**✱ ကျိုင်းတုံမှ**

Landing Strip ပေ ၅၀၀ ပြည့်ရန် စက်ယန္တရားကြီးများဖြင့် တောင်ကုန်းဖြတ်ခြင်းလုပ်ငန်း ဆောင်ရွက်နေမှုနှင့် Landing Strip ပေ ၅၀၀ မပြည့်သည့် အပိုင်းများကို လှည့်လည်ကြည့်ရှု စစ်ဆေးသည်။

အဆိုပါ ကျိုင်းတုံလေယာဉ်ကွင်း မူလလေယာဉ်ပြေးလမ်းမှာ အရှည်ပေ ၄၇၀၀၊ အကျယ်ပေ ၇၀၊ ၁ ဒသမ ၂ လက်မထူသည့် ကျောက်ကတ္တရာလမ်း အမျိုးအစားဖြစ်ပြီး ယခုအခါ အရှည်ပေ ၈၀၀၀၊ အကျယ်ပေ ၁၅၀ရှိ လေးလက်မအထူ ကတ္တရာကွန်ကရစ်ပြေးလမ်း တည်ဆောက်ပြီးစီးပြီဖြစ်ကြောင်း သိရှိရသည်။

ထို့နောက် ဗိုလ်ချုပ်မင်းအောင်လှိုင်သည် ကျိုင်းတုံမြို့ ပြည်ငြိမ်းအေးခန်းမ၌ တြိဂံဒေသ တိုင်းစစ်ဌာနချုပ်မှ အရာရှိ၊ စစ်သည် မိသားစုဝင်များနှင့်လည်းကောင်း၊ ကျိုင်းတုံမြို့ တိုင်းစစ်ဌာနချုပ်အစည်းအဝေးခန်းမ၌ ပြည်နယ်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များနှင့်လည်းကောင်း တွေ့ဆုံခဲ့သည်။ (သတင်းစဉ်)

## ငွေကျပ် ၁၀၀ တန်ထီဖွင့်ပွဲ အောက်တိုဘာ ၁ ရက်တွင် ကျင်းပမည်

ရန်ကုန် စက်တင်ဘာ ၂၄

**(၂၃၇)ကြိမ်မြောက် ငွေကျပ် ၁၀၀ တန် အောင်ဘာလေသိန်းဆုဖွင့်ပွဲကို အောက်တိုဘာ ၁ ရက်တွင် အောင်ဘာလေသိန်းဆု ဌာနခွဲတည်ရှိရာ အမှတ်(၁၈၄)မဟာဗန္ဓုလလမ်းနှင့် (၃၇)လမ်းထောင့် ကျောက်တံတားမြို့နယ် ရန်ကုန်မြို့ရှိ ထီဖွင့်ပွဲခန်းမဆောင်၌ နံနက် ၈ နာရီမှ စတင်၍ ညနေ ၄ နာရီထိ တစ်ရက်တည်းဖြင့် အပြီးဖွင့်လှစ်မည်ဖြစ်သည်။**

**တန်ဖိုးအလိုက် ဆုမဲများမှာ ငွေကျပ်သိန်း(၅၀၀)တစ်ဆု၊ ငွေကျပ်သိန်း(၃၀၀) နှစ်ဆု၊ ငွေကျပ်သိန်း(၂၀၀) လေးဆု၊ ငွေကျပ်သိန်း(၁၀၀) ၃၈ ဆု၊ ငွေကျပ်(၁၀)သိန်းဆု ၆၃၀၊ ငွေကျပ်ငါးသိန်း ၂၁ဆု၊ ငွေကျပ်လေးသိန်း ၂၅ဆု၊ ငွေကျပ်နှစ်သိန်း ၂၀၄ဆု၊ ငွေကျပ်တစ်သိန်းဆု ၁၆၂၀၊ ငွေကျပ်ရှစ်သောင်း ၆၅ ဆု၊ ငွေကျပ်လေးသောင်း ၁၀၁ ဆု၊ ငွေကျပ်နှစ်သောင်း ၁၆၇၃၆ ဆု စုစုပေါင်း ၁၉၄၄၇ ဆုဖြစ်ကြောင်း သတင်းရရှိသည်။** (သတင်းစဉ်)

## ဘိုးဘွားများအတွက် ပန်းချီပညာရှင်များ လှူဒါန်းမည်

**ရန်ကုန် စက်တင်ဘာ ၂၄**

နှင်းဆီကုန်းဘိုးဘွားရိပ်သာ ပန်းချီအနုပညာ အလှူပွဲတော်ကို ၂၀၀၈ ခုနှစ်၊ နိုဝင်ဘာ ၁ ရက်မှ နိုဝင်ဘာ ၁၆ ရက်အထိ နှင်းဆီကုန်းဘိုးဘွားရိပ်သာ စိန်ရတုခန်းမဆောင်ကြီး၌ ပြသရောင်းချသွားမည် ဖြစ်သည်။ အလှူပွဲတော်တွင် မြန်မာနိုင်ငံ တစ်နိုင်ငံလုံးမှ ပန်းချီပညာရှင်များ၏ ပန်းချီကားများ တစ်ဦးလျှင် နှစ်ကားကျစီ ပါဝင်ပြသရောင်းချ၍ ရောင်းချရငွေ၏ ၅၀ရာခိုင်နှုန်းကို နှင်းဆီကုန်းဘိုးဘွားရိပ်သာ အဘိုးအဘွားများအတွက် ပန်းချီပညာရှင်များက လှူဒါန်းကြမည်ဖြစ်သည်။ ပွဲတော်တွင် ပြသရောင်းချမည့် ပန်းချီကားများကို Catalogue ပြုလုပ်နိုင်ရန်အတွက် စက်တင်ဘာ ၂၅ ရက်အမီ ပေးပို့ကြရန် နှိုးဆော်ထားကြောင်း သိရသည်။ (ကြေးမုံ)

## မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း(ဗဟို)မှ ကိုယ်ဝန်ဆောင်မိခင် လက်ဝယ်ထားရှိရမည့်မှတ်တမ်းများ လှူဒါန်း

နေပြည်တော် စက်တင်ဘာ ၂၄

**ကျန်းမာရေးဝန်ကြီးဌာန ကျန်းမာရေးဦးစီးဌာန ပြည်သူ့ကျန်းမာရေးဌာနခွဲ မိခင်နှင့်ကလေး ကျန်းမာရေး ဌာနစိတ်သို့ မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း(ဗဟို)မှ ကိုယ်ဝန်ဆောင်မိခင် လက်ဝယ်ထားရှိရမည့်မှတ်တမ်း (Home-based Maternal Record) လှူဒါန်းပွဲ အခမ်းအနားကို ယနေ့မွန်းလွဲ ၁ နာရီတွင် နေပြည်တော်ရှိ ကျန်းမာရေးဝန်ကြီးဌာန၌ ကျင်းပသည်။**

အခမ်းအနားသို့ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးဒေါက်တာမြဦး၊ မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ဒုတိယဥက္ကဋ္ဌ ဒေါက်တာဒေါ်တင်လင်းမြင့်၊ ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင်များဖြစ်သော ဒေါ်ထွေးထွေးညွန့်၊ ဒေါ်တင်တင်မြ၊ ကျန်းမာရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ်များဖြစ်သော ဒေါက်တာဝင်းမြင့်နှင့် ဒေါက်တာသိန်းသိန်းဌေး၊ ညွှန်ကြားရေးမှူး (ပြည်သူ့ကျန်းမာ) ဒေါက်တာသန်းလွင်၊ ဒုတိယညွှန်ကြားရေးမှူး(မိခင်/ကလေး) ဒေါက်တာသိင်္ဂီမြင့်တို့ တက်ရောက်ကြသည်။

အခမ်းအနားတွင် ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးဒေါက်တာမြဦးထံ မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ဒုတိယဥက္ကဋ္ဌ ဒေါက်တာဒေါ်တင်လင်းမြင့်က ကိုယ်ဝန်ဆောင်မိခင် လက်ဝယ်ထားရှိရမည့် မှတ်တမ်း(Home-based Maternal Record)နှစ်သိန်းကို ပေးအပ်လှူဒါန်းကြောင်း သတင်းရရှိသည်။

**(အောက်ပုံ)** (သတင်းစဉ်)



**သင့်သွေးဖြင့် အသက်ကယ်ပါ။**



ပါကစ္စတန်နိုင်ငံအလယ်ပိုင်းရှိ ဝါအဝယ်ဒိုင်တစ်ခုတွင် လုပ်ငန်းခွင်ဝင်နေကြသည့် ဝါလုပ်သားများကို စက်တင်ဘာ ၂၂ ရက်က တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

## မသန့်ရှင်းသောနို့မှုန့်ကြောင့် ဟောင်ကောင်တွင် ကျောက်ကပ်ဝေဒနာခံစားရသူ ကလေးလူနာ ထပ်မံတွေ့

**ဟောင်ကောင် စက်တင်ဘာ ၂၄**

မသန့်ရှင်းသောပစ္စည်းများ ပါဝင်နေသောနို့မှုန့်ကို သောက်သုံးမိသဖြင့် ကျောက်ကပ်တွင် ဝေဒနာခံစားရသည့် ကလေးလူနာနှစ်ဦးကို စက်တင်ဘာ ၂၃ ရက်တွင် ထပ်မံတွေ့ရှိရကြောင်း ဟောင်ကောင်ကျန်းမာရေးဌာနက ပြောကြားသည်။

ထိုကလေးနှစ်ဦးပါ ထည့်သွင်းရေတွက်လျှင် ဟောင်ကောင် အထူးကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတွင် တွေ့ရသော အလားတူကလေးလူနာအရေအတွက်မှာ လေးဦးရှိသွားပြီဖြစ်သည်။ အသစ်တွေ့ရှိသော လူနာတစ်ဦးမှာ အသက် နှစ်နှစ်ခွဲခန့်အရွယ်ရှိ ယောကျာ်းလေးတစ်ဦးဖြစ်ပြီး အခြားတစ်ဦးမှာလည်း အသက်ကိုးနှစ်အရွယ်ရှိ ယောကျာ်းကလေးပင်ဖြစ်သည်။ ၎င်းတို့နှစ်ဦးစလုံးသည် ဟောင်ကောင်တွင် မွေးဖွားသူများဖြစ်သည်ဟု ဆိုသည်။

မသန့်ရှင်းသောနို့မှုန့် သောက်သုံးမှုကြောင့် ယခုအခါ တရုတ်နိုင်ငံတစ်ဝန်းတွင် ကလေးလူနာပေါင်း ၁၃၀၀၀ ခန့်ကို ဆေးရုံတင် ကုသပေးနေရသည်။ ထို့အပြင် အဆိုပါနို့မှုန့်များကို ပြည်သူများ မသောက်သုံးမိစေရန် ပြန်လည်သိမ်းဆည်းလျက်ရှိရာ အင်္ဂါနေ့အထိ မသန့်ရှင်းသောနို့ထွက်ပစ္စည်း ၇၀၇၄ တန်ကို စက်မှုနှင့်ကုန်သွယ်မှုကြီးကြပ်ရေးဌာနက ပြန်လည်သိမ်းယူပြီးဖြစ်ကြောင်း သိရသည်။ **အမ်အင်အေ၊ဆင်ဟွာ။**

## တောင်ကိုရီးယား-နော်ဝေ ကာကွယ်ရေး ပူးပေါင်းဆောင်ရွက်ရန် လက်မှတ်ရေးထိုး

**ဆိုးလ် စက်တင်ဘာ ၂၄**

တောင်ကိုရီးယားနိုင်ငံနှင့် နော်ဝေနိုင်ငံတို့သည် ကာကွယ်ရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး သဘောတူညီချက်ကို တနင်္လာနေ့က လက်မှတ်ရေးထိုးကြသည်။

### ပါဝင်

စာချုပ်တွင် ကာကွယ်ရေးပစ္စည်းများနှင့် ဆက်နွှယ်နေသော နည်းပညာများကို အပြန်အလှန်ဖလှယ်ရေး အချက်အလက်များ ပါဝင်ကြောင်း ယွန်ဟတ်သတင်းဌာနက ဖော်ပြသည်။

ဆိုးလ်သို့ အလည်အပတ်ရောက်ရှိနေသော နော်ဝေဒုတိယကာကွယ်ရေးဝန်ကြီး အက်စ်ပင်ဘတ်အိဒီးနှင့် တောင်ကိုရီးယားမှ ဒုတိယကာကွယ်ရေးဝန်ကြီး ကင်ဂျုန်းချွန်တို့က သဘောတူညီမှုစာချုပ်ကို လက်မှတ်ရေးထိုးခဲ့သည်ဟု တောင်ကိုရီးယားကာကွယ်ရေးဝန်ကြီးဌာနက ပြောကြားသည်။ **အမ်အင်အေ၊ဆင်ဟွာ။**

## အိန္ဒိယတွင် စီးပွားရေးဇုန်များ ထူထောင်ရန် အတည်ပြု

**မွန်ဘိုင်း စက်တင်ဘာ ၂၄**

အိန္ဒိယနိုင်ငံတွင် အထူးစီးပွားရေးဇုန် (အက်စ်အီးဇက်)၁၇ခု ထူထောင်ရန်အတွက် အတည်ပြုရေးအဖွဲ့က တနင်္လာနေ့တွင် အတည်ပြုခဲ့ကြောင်း စီးပွားရေးသတင်းစာ ဘစ်ဇနက် စတင်းဒတ်၏ ဝက်ဘ်ဆိုက်တွင် ဖော်ပြထားသည်။

အိန္ဒိယနိုင်ငံ အနောက်ပိုင်း ပြည်နယ် မဟာရပ်စတြာရှိ အထူးစီးပွားရေးဇုန်တစ်ခုမှာ ၁၂၇၁ ဟက်တာကျယ်ဝန်းပြီး ရင်းနှီးမြှုပ်နှံမှုတန်ဖိုး အမေရိကန်ဒေါ်လာ ၁ ဒသမ ၂၅ ဘီလီယံအထိ ရှိကြောင်း သိရသည်။

အနောက်ဘင်္ဂလားမှ ဂျေအက်စ်ဒဗလျူဆင်ဂေါ်စတီးလ်မှတည်ထောင်သော အထူးစီးပွားရေးဇုန်သည် ၁၈၀၄ ဟက်တာ ကျယ်ဝန်းပြီး ရင်းနှီးမြှုပ်နှံမှုတန်ဖိုး ၃ ဒသမ ၈ ဘီလီယံဒေါ်လာရှိသည်။ အရေးပါသော အက်စ်အီးဇက် စီးပွားရေးဇုန်များအကောင်အထည်ပေါ်လာစေရန် ဘုတ်အဖွဲ့က အတည်ပြုပေးထားပြီးဖြစ်သည်။အခြားစီးပွားရေးဇုန် ၁၀ ခုကိုလည်း ဘုတ်အဖွဲ့က အတည်ပြုပေးခဲ့သည်။**အမ်အင်အေ၊ ဆင်ဟွာ။**




## ဟိုတယ်ပုံးကွဲမှု စုံစမ်းရန် အမေရိကန်၏ ကမ်းလှမ်းချက် ပါကစ္စတန် အာဏာပိုင်များ ငြင်းပယ်

**အစ္စလာမ္မာဘတ် စက်တင်ဘာ ၂၄**

ပါကစ္စတန်နိုင်ငံ အစ္စလာမ္မာဘတ်မြို့ မာရီယော့ဟိုတယ်တွင် အသေခံဗုံးခွဲတိုက်ခိုက်ခြင်းကို စုံစမ်းစစ်ဆေးရန်အတွက် အမေရိကန်အစိုးရ၏ အကူအညီကမ်းလှမ်းချက်ကို ပါကစ္စတန်အာဏာပိုင်များက တနင်္ဂနွေနေ့တွင် ငြင်းပယ်လိုက်သည်။

### ငြင်းပယ်

ပါကစ္စတန်နိုင်ငံတွင် ကျွမ်းကျင်သူများရှိသောကြောင့် အမေရိကန်အကူအညီ မလိုအပ်သဖြင့် ငြင်းပယ်လိုက်ခြင်းဖြစ်သည်ဟု ပြည်ထဲရေးဝန်ကြီးဌာန၏ အကြံပေး ရာမန်မာလစ်က သတင်းထောက်များကို ပြောကြားသည်။

### ကမ်းလှမ်း

အမေရိကန်အစိုးရက အဆိုပါဟိုတယ် တိုက်ခိုက်မှု၏ နောက်ကွယ်မှ အကြမ်းဖက်သမားများကို စုံစမ်းဖော်ထုတ်သည့်ကိစ္စတွင် အက်ဖ်ဘီအိုင်မှ အကူအညီပေးလိုကြောင်း ပါကစ္စတန်နိုင်ငံအား တနင်္ဂနွေနေ့က ကမ်းလှမ်းခဲ့သည်။

**အင်တာနက်။**

အင်ဒိုနီးရှားနိုင်ငံ ဘာလီကျွန်းမှ ရိုးရာကချေသည် လှပျိုဖြူအချို့ကို စက်တင်ဘာ ၂၃ ရက်က တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)



## အင်တာနက်သဘာဝဘေးအန္တရာယ်သတင်းများ

### ဖိလစ်ပိုင်၌ ဟာဂူပစ်မုန်တိုင်းတိုက်ခတ်၍ ရှစ်ဦးသေဆုံး

**မနီလာ စက်တင်ဘာ ၂၄**

ဖိလစ်ပိုင်နိုင်ငံတွင် အင်္ဂါနေ့က ဟာဂူပစ် အပူပိုင်းမုန်တိုင်း တိုက်ခတ်ရာ ရှစ်ဦးသေဆုံးခဲ့သည်။ထိုမှတစ်ဆင့် မုန်တိုင်းသည် တရုတ်နိုင်ငံ ဟောင်ကောင်ကျွန်းဆီသို့ ဆက်လက်ရွေ့လျားသွားသည်။

ဖိလစ်ပိုင် အရေးပေါ် အမျိုးသားသဘာဝဘေးအန္တရာယ် ညှိနှိုင်းဆောင်ရွက်ရေးကောင်စီက သေဆုံးမှုအများဆုံးမှာ မြေပြိုခြင်းနှင့်ရေနစ်ခြင်းတို့ကြောင့်ဟု ပြောကြားသည်။

သတင်းများအရ အနည်းဆုံး ၁၉ ဦး ထိခိုက်ဒဏ်ရာရရှိသွားပြီး ၁၅ ဦး ပျောက်ဆုံးနေကြောင်း သိရသည်။ ထိုမုန်တိုင်းကြောင့် ပြည်သူ ၁၀၃၅၂ ဦးတို့ ဘေးဒုက္ခရောက်ကြရကြောင်း တာဝန်ရှိသူများက ပြောကြားသည်။ **အင်တာနက်။**

### ဟောင်ကောင်သို့ ဟာဂူပစ် တိုင်ဖုန်းမုန်တိုင်းတိုက်ခတ်ရန် နီးကပ်လာ



**ဟောင်ကောင် စက်တင်ဘာ ၂၄**

ဟာဂူပစ် တိုင်ဖုန်းမုန်တိုင်း သည် စက်တင်ဘာ ၂၄ ရက်တွင် အားကောင်းလာကာ ဟောင်ကောင်ကျွန်းသို့ တိုက်ခတ်ရန် နီးကပ်လာသောကြောင့် မြို့ရှိ ကျောင်းများ ပိတ်လိုက်ရပြီး လေယာဉ်ခရီးစဉ် တစ်ဝက်ကိုလည်း ဖျက်သိမ်းရန် အာဏာပိုင်များက တိုက်တွန်းခဲ့ကြောင်း သိရသည်။

တိုင်ဖုန်းမုန်တိုင်းသည် စက်တင်ဘာ ၂၄ ရက် နောက်ပိုင်းတွင် ဟောင်ကောင်အတွင်း ဝင်ရောက်တိုက်ခတ်ပြီး တရုတ်နိုင်ငံသို့ ဆက်လက်ရွေ့လျားသွားမည်ဖြစ်ကြောင်း ဟောင်ကောင်မိုးလေဝသအရာရှိများက ခန့်မှန်းထားသည်။

ဟာဂူပစ်မုန်တိုင်းသည် ဟောင်ကောင်တောင်ဘက်နှင့် အရှေ့တောင်ဘက်မိုင် ၁၃၀ ခန့်အကွာကို ဗဟိုပြုပြီး တရုတ်နိုင်ငံ ကမ်းရိုးတန်းတောင်ဘက်သို့ တစ်နာရီ ၁၇ ဒသမ ၄ မိုင်နှုန်းခန့်ဖြင့် အနောက်နှင့်အနောက်မြောက်ဘက်သို့ ရွေ့လျားသွားမည်ဟု ခန့်မှန်းထားသည်။ **အင်တာနက်။**



### အိန္ဒိယ၌ ရေကြီးမှုများဖြစ်ပွားရာ လူ ၁၆၃ ဦး သေဆုံး

**နယူးဒေလီ စက်တင်ဘာ ၂၄**

အိန္ဒိယနိုင်ငံမြောက်ပိုင်းနှင့် အရှေ့ပိုင်းဒေသများတွင် မိုးသည်းထန်စွာရွာသွန်းမှု ဆက်လက်ဖြစ်ပွားခြင်းကြောင့် ၂၄ နာရီအတွင်း ၄၄ ဦး သေဆုံးသွားသည်။ ထို့အပြင် ပြည်သူများ ထောင်နှင့်ချီ၍ နေအိမ်များတွင် ပိတ်မိနေသဖြင့် ကယ်တင်ရန် စက်တင်ဘာ ၂၃ ရက်တွင် တာဝန်ရှိသူများက အပူတပြင်း ဆောင်ရွက်လျက်ရှိသည်။

မုတ်သုံရာသီရေကြီးမှုကြောင့် လေးရက်အတွင်း သေဆုံးသူ ၁၆၃ ဦးထိ တိုးလာခဲ့သည်။

သေဆုံးသူအများစုမှာ ဥတ္တာပရာဒေ့ရှ်ပြည်နယ်မှဖြစ်ပြီး စက်တင်ဘာ ၂၂ ရက်ကတည်းက ၃၂ဦး သေဆုံးခဲ့ရသည်။ ယင်းပြည်နယ်၌ လွန်ခဲ့သောသီတင်းပတ်ကုန်က နောက်ထပ်လူ ၇၀ သေဆုံးပြီး လူ၂၀၀၀၀၀ခန့် အိုးမဲ့အိမ်မဲ့ ဖြစ်ကြရသည်။

ဩရိသပြည်နယ်အရှေ့ပိုင်းတွင် မိုးသည်းထန်စွာ ရွာသွန်းပြီး ရေကြီးမှုလေးရက်ကြာ ဖြစ်ပွားခြင်းကြောင့် စက်တင်ဘာ ၂၃ ရက် နံနက်ပိုင်းတွင် သေဆုံးသူ ၂၉ ဦး ဖြစ်လာကြောင်း ပြည်နယ်အကြီးအကဲတစ်ဦးက ပြောကြားသည်။ **အင်တာနက်။**

## ဘဂ္ဂဒက်၌ ပုံးခွဲမှုများဖြစ်ပွား၊ သေဆုံးဒဏ်ရာရ

**ဘဂ္ဂဒက် စက်တင်ဘာ ၂၄**

အီရတ်နိုင်ငံမြို့တော်၌ စက်တင်ဘာ ၂၁ ရက်က ပုံးခွဲတိုက်ခိုက်မှုများကြောင့် ဒဏ်ရာရရှိသူ ၃၀ ထိ ဖြစ်လာကြောင်း ပြည်ထဲရေးဝန်ကြီးဌာနက ပြောကြားသည်။

ဘဂ္ဂဒက်မြို့မြောက်ဘက် ဝါဇီရီရာရပ်ကွက်ရှိ တူရကီသံရုံးအနီး၌ အီရတ်တပ်ဖွဲ့များ ကင်းလှည့်နေစဉ် လမ်းဘေးပုံး ပေါက်ကွဲမှု ဖြစ်ပွားရာ တပ်ဖွဲ့ဝင်သုံးဦး သေဆုံးပြီး အရပ်သားလေးဦး ဒဏ်ရာရရှိသည်။

အလားတူ ဘဂ္ဂဒက်မြို့လယ်ရှိ ကာရာဒါခရိုင်တွင် ရဲတပ်ဖွဲ့များ ကင်းလှည့်သည့် နေရာအနီး၌ လမ်းဘေးပုံး ထပ်မံပေါက်ကွဲမှုဖြစ်ပွားရာ ရဲတပ်ဖွဲ့ဝင် သုံးဦးနှင့် အရပ်သားလေးဦး ဒဏ်ရာရရှိသည်။

ဇာဖာရာနီရာချ်ရပ်ကွက် အရှေ့တောင်ဘက်တွင် ကင်းလှည့်နေသော ရဲတပ်ဖွဲ့ဝင်တစ်ဦးအနီး၌ တတိယပုံး ပေါက်ကွဲမှုဖြစ်ပွားရာ ရဲတပ်ဖွဲ့ဝင်သုံးဦးနှင့် အရပ်သားသုံးဦး ဒဏ်ရာရရှိသည်။ အက်ဟာမီရာခရိုင်တွင် ကင်းလှည့်နေသော ရဲတပ်ဖွဲ့ဝင်အနီး၌ စတုတ္ထပုံး ပေါက်ကွဲမှုဖြစ်ပွားရာ ရဲတပ်ဖွဲ့ဝင်တစ်ဦးနှင့် အရပ်သားလေးဦး ဒဏ်ရာရရှိသွားသည်။

***အမ်အင်အေ၊ဆင်ဟွာ။***

**အာဖဂန်နစ္စတန် နိုင်ငံနှင့် ပါကစ္စတန်နိုင်ငံ နယ်စပ်အနီး ပါကစ္စတန် ဘက်ခြမ်းတွင် တည်ရှိနေသော စစ်ဘေးဒုက္ခသည်စခန်း တစ်ခုကို စက်တင်ဘာ ၂၃ ရက်က တွေ့ရစဉ်။**

*(ဓာတ်ပုံ-အင်တာနက်)*



## မိုဆူးလ်တွင် ပုံးကွဲ ကလေးငယ် ငါးဦးသေဆုံး

**ဘဂ္ဂဒက် စက်တင်ဘာ ၂၄**

အီရတ်နိုင်ငံမြောက်ပိုင်း မြို့တော် မိုဆူးလ်ရှိ ဈေးဆိုင်တန်းအတွင်း ထောင်ထားသော ပုံးတစ်လုံး စက်တင်ဘာ ၂၁ရက်က ပေါက်ကွဲရာ အနည်းဆုံးကလေး ငါးဦးသေဆုံးပြီး အခြားနှစ်ဦး ဒဏ်ရာရရှိသွားကြောင်း ဒေသခံရဲတပ်ဖွဲ့မှလာသော သတင်းက ဖော်ပြသည်။

ဟာမန်အယ်လ်အလီ အရပ်တွင် ကလေးများ ကစားနေကြချိန် ညနေ ၆ နာရီခွဲခန့်တွင် ပုံးပေါက်ကွဲသွားခြင်းဖြစ်ကြောင်း သိရသည်။

ထိခိုက် သေဆုံးသွားကြသော ကလေးများမှာ အသက်ခုနစ်နှစ်မှ ကိုးနှစ်အရွယ်အတွင်း ရှိသူများဖြစ်သည်ဟုဆိုသည်။ ဒဏ်ရာရသွားသူ ကလေးနှစ်ဦး၏ အခြေအနေမှာ ဆိုးရွားသဖြင့် ဆေးကုသမှုခံယူရန် မိုဆူးလ်မြို့ ဆေးရုံသို့ တင်ထားရကြောင်း ဒေသခံဆေးဝန်ထမ်းများက ပြောကြားသည်။

***အင်တာနက်။***

## အီရတ်၌ သေဆုံးသူ အမေရိကန်တပ်ဖွဲ့ဝင် ၄၁၆၉ ဦးရှိ

**ဝါရှင်တန် စက်တင်ဘာ ၂၃**

အမေရိကန်ဦးဆောင်ပြီး ၂၀၀၃ ခုနှစ် မတ်လမှစ၍ အီရတ်နိုင်ငံကို တိုက်ခိုက်ခဲ့ချိန်မှ ၂၀၀၈ ခုနှစ် စက်တင်ဘာ ၂၂ ရက်အထိ အီရတ်တွင် အမေရိကန်တပ်ဖွဲ့ဝင် ၄၁၆၉ ဦးထက်မနည်း သေဆုံးခဲ့သည်ဟု အေပီသတင်းဌာနက ပြုစုထားသော စာရင်းက ဖော်ပြထားသည်။

ထိုသေဆုံးသူစာရင်းတွင် အရပ်ဘက်ဝန်ထမ်းမှ ရှစ်ဦးပါဝင်သည်။ ယင်းစာရင်းတွင် ရန်လိုတိုက်ခိုက်မှုကြောင့် တပ်ဖွဲ့ဝင် ၃၃၇၇ ဦးထက်မနည်း သေဆုံးကြောင်း အမေရိကန်တပ်ဖွဲ့စာရင်းအင်းတွင် ဖော်ပြထားသည်။

အေပီသတင်းဌာနမှပြုစုထားသော စာရင်းသည် အမေရိကန်ကာကွယ်ရေးတပ်ဖွဲ့၏ စက်တင်ဘာ ၁၀ ရက်ထိပြုစုထားသည့်စာရင်းထက် နှစ်ဦးလျော့နည်းနေသည်။

ထိုပြင် အပေါင်းပါတပ်ဖွဲ့မှ သေဆုံးသူဦးရေမှာ ဗြိတိန် ၁၇၆ ဦး၊ အီတလီ ၃၃ ဦး၊ ယူကရိန်း ၁၈ ဦး၊ ပိုလန် ၂၀ ဦး၊ ဘူဂေးရီးယား ၁၃ဦး၊ စပိန် ၁၁ ဦး၊ဒိန်းမတ် ခုနစ်ဦး၊အဲလ်ဆာဗေဒိုငါးဦး၊ ဆလိုဗက်ကီးယားလေးဦး၊ လတ်ဗီးယားနှင့် ဂျော်ဂျီယာ သုံးဦးစီ၊ အက်စတိုးနီးယား၊ နယ်သာလန်၊ ထိုင်းနှင့် ရိုမေးနီးယားတို့မှ နှစ်ဦးစီ၊ ဩစတြေးလျ၊ ဟန်ဂေရီ၊ ကာဇက်စတန်နှင့် တောင်ကိုရီးယားတို့မှ တစ်ဦးစီ သေဆုံးခဲ့သည်။

***အင်တာနက်။***

ကြေးမုံ The Mirror

နိုင်ငံတကာ သတင်းများ

## ဘဂ္ဂဒက်မြို့၌ နှစ်နေရာပုံးပေါက်ကွဲ အရပ်သားတစ်ဦးသေဆုံး ခုနစ်ဦး ဒဏ်ရာရ

**ဘဂ္ဂဒက် စက်တင်ဘာ ၂၃**

အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့တွင် အင်္ဂါနေ့က အီရတ်လုံခြုံရေး တပ်ဖွဲ့များကို ဦးတည်တိုက်ခိုက်သည်ဟု ယူဆရသော ပုံးနှစ်နေရာ ပေါက်ကွဲမှုဖြစ်ပွားရာ အရပ်သားတစ်ဦး အနည်းဆုံး သေဆုံးပြီး ခုနစ်ဦး ထိခိုက်ဒဏ်ရာရရှိသည်ဟု အီရတ်တာဝန်ရှိသူများက ပြောကြားသည်။

ဘဂ္ဂဒက်မြို့မြောက်ပိုင်း ရဲတပ်ဖွဲ့ဝင်များ ကင်းလှည့်ဖြတ်သန်းရာ နေရာတွင် နံနက် ၉ နာရီက ပထမ ပုံးပေါက်ကွဲမှုဖြစ်ခဲ့သည်။ သို့သော် ရဲတပ်ဖွဲ့ကို ဦးတည်ဖောက်ခွဲသော ပုံးပေါက်ကွဲမှုတွင် တပ်ဖွဲ့ဝင်များ လွတ်သွားသော်လည်း ပုဂ္ဂလိကပိုင်ကား ပုံးထိမှန်ခံခဲ့ရပြီး လူလေးဦး ဒဏ်ရာရရှိသွားသည်ဟု ရဲအရာရှိက ပြောကြားသည်။

ဘဂ္ဂဒက်မြို့လယ် အီရတ်တပ်ဖွဲ့ ကင်းလှည့်ရာနေရာအနီးတွင် ထပ်မံ၍ လမ်းဘေးပုံးပေါက်ကွဲရာ အရပ်သား တစ်ဦးသေဆုံးပြီး သုံးဦးဒဏ်ရာရရှိခဲ့သည်ဟု ရဲတပ်ဖွဲ့နှင့် ဆေးရုံမှ တာဝန်ခံများက ပြောကြားသည်။

***အင်တာနက်။***

# အင်တာနက် မှုခင်းသတင်း

## ဖင်လန်နိုင်ငံတွင် ကျောင်းအတွင်း ဝင်ရောက်ပစ်ခတ် ၁၀ ဦးသေဆုံးပြီး သေနတ်သမား ကိုယ့်ကိုယ်ကိုယ်သတ်သေ

**ကာအူဟာဂျိုကီ(ဖင်လန်) စက်တင်ဘာ ၂၃**

ဖင်လန်နိုင်ငံ အနောက်ပိုင်းတွင် မျက်နှာဖုံးစွပ်ထားသော သေနတ်သမားတစ်ဦးက ၎င်းပညာသင်နေသော ကူးသန်းရောင်းဝယ်ရေး သင်တန်းကျောင်းသို့ စက်တင်ဘာ ၂၃ရက်က ဝင်ရောက်ပစ်ခတ်ရာ ၁၀ ဦး သေဆုံးပြီး သူ့ကိုယ်သူလည်း ဦးခေါင်းကိုပစ်၍အဆုံးစီရင်ခဲ့သည်။

အဆိုပါသေနတ်သမားမှာ အနက်ရောင်ဝတ်စုံကို ဝတ်ဆင်ထားပြီး ကြီးမားသော အိတ်တစ်လုံးကို လွယ်ထားပြီး ကာအူဟာဂျိုကီရှိကျောင်းအတွင်းသို့ ဒေသစံတော်ချိန် နံနက် ၁၁ နာရီမတိုင်မီ ဝင်ရောက်လာသည်။ ထို့နောက် ကျောင်းသားများ စာမေးပွဲဖြေနေသော စာသင်ခန်းအတွင်းသို့ ဝင်ရောက်ပစ်ခတ်သည်။ ထိုကျောင်းသည် ဟယ်လ်ဆင်ကီးမြို့ အနောက်မြောက်ဘက် မိုင်၁၈၀အကွာတွင် တည်ရှိသည်။ **(အောက်ပုံ)**

ယင်းဖြစ်ရပ်မတိုင်မီ စက်တင်ဘာ ၂၂ရက်က ယူကျူဝက်ဘ်ဆိုက်တွင် သေနတ်ပစ်ခတ်နေသော ၎င်း၏ ပုံစံများကို တွေ့ခဲ့ရသဖြင့် ရဲတပ်ဖွဲ့က ၎င်းအား ခေါ်ယူစစ်မေးခဲ့သော်လည်း ဖမ်းဆီးထားရန် လုံလောက်သောအကြောင်းပြချက် မရှိသဖြင့် ပြန်လွှတ်ပေးခဲ့ရသည်ဟု ပြည်ထဲရေးဝန်ကြီး အန်းဟုမ်းလန်းက ပြောကြားသည်။

ရဲတပ်ဖွဲ့ ပြောရေးဆိုခွင့်ရှိသူက ထိုသေနတ်သမားသည် ၂၀၀၂ခုနှစ်ကတည်းက ကြိုတင်ကြံစည်ခဲ့ပြီး ဒသမ ၂၂ ကယ်လီဘာ ပစ္စတိုဖြင့် ပစ်ခတ်ခဲ့သည်သာမက မီးလောင်ပေါက်ကွဲစေသော ပစ္စည်းများလည်း ယူလာသည့်အပြင် လူ ၁၀ဦး ကို ပစ်သတ်ခဲ့သည်။ သေဆုံးသူများ အနက် အချို့မှာ မီးလောင်ထားသဖြင့် မည်သူမည်ဝါဖြစ်မှန်း မဖော်ထုတ်နိုင်တော့ကြောင်း ထိုရဲအရာရှိက ပြောကြားသည်။

သေနတ်သမားကို တန်ပီးရီးရှိ ဆေးရုံသို့ အမျိုးသမီး ဒဏ်ရာရသူ တစ်ဦးနှင့်အတူ ပို့ဆောင်ပေးခဲ့သည်။ ၎င်းသည် ဦးခေါင်းတွင် သေနတ်ဒဏ်ရာရှိပြီးဆေးရုံရောက်ပြီး မကြာမီ သေဆုံးသွားသည်ဟု ဆေးရုံတာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

***အင်တာနက်။***



## ဘောလုံးသမားကို လူငှားသတ်ခိုင်းသည့် အာဂျင်တီးနားအမျိုးသမီးနှစ်ဦးအား ဖမ်းမိ

**ရီယိုဒီဂျနေးရိုး စက်တင်ဘာ ၂၄**

အာဂျင်တီးနားနိုင်ငံ၌ အသက် ၂၃နှစ်အရွယ် ဘောလုံးသမား သီရာဂိုဒါဆီးလ်ဗာအား သတ်ဖြတ်ရန် လူသတ်သမားတစ်ဦးကို ငှားရမ်းခိုင်းစေသည်ဟု သံသယရှိသူ အမျိုးသမီးနှစ်ဦးအား စက်တင်ဘာ ၂၁ရက် နံနက်ပိုင်းတွင် ရီယိုဒီဂျနေးရိုး ရဲတပ်ဖွဲ့က ဖမ်းဆီးလိုက်သည်။

ဆီးလ်ဗာသည် အက်စတာစီယို ဘောလုံးအသင်းမှ အဖွဲ့ဝင်တစ်ဦးဖြစ်သည်။ ရဲတပ်ဖွဲ့က သံသယရှိသူများကို ၎င်းတို့၏ နေအိမ်အသီးသီး၌ ဖမ်းဆီးရမိခြင်းဖြစ်ကြောင်း ပြောကြားသည်။

အခင်းဖြစ်ပွားပုံမှာ စက်တင်ဘာ ၁၈ရက်က ဆီးလ်ဗာသည် ရည်းစား မိန်းကလေး၏ ကားအတွင်း၌ရှိနေစဉ် အခြားကားတစ်စီးထဲမှ သံသယဖြစ်ဖွယ် လူနှစ်ဦးထွက်လာပြီး ဆီးလ်ဗာနှင့် ၎င်း၏ရည်းစား မိန်းကလေးတို့အား ကားအတွင်းမှ ထွက်ခိုင်းခဲ့သည်။

ယင်းနောက် ၎င်းတို့နှစ်ဦးအား အင်ဟာယာမာဒေသရှိ ဘောလုံးကွင်းသို့ ခေါ်ဆောင်လာပြီး ချုပ်နှောင်ထားခဲ့သည်။

နောက်တစ်နေ့တွင် လူသုံးဦးက ဆီးလ်ဗာကို ရိုက်နှက်ပြီး သေနတ်ဖြင့် သုံးကြိမ်ပစ်ခတ်ခဲ့သည်။ ယင်းနောက် ဆီးလ်ဗာသေဆုံးပြီဟု ထင်မှတ်ကာ ၎င်းတို့ထွက်သွားကြသည်။

သို့သော်လည်း ထိုနေ့ည ၁၁ နာရီခန့်တွင် ဆီးလ်ဗာက ရဲစခန်းသို့ ဆက်သွယ်ပြီး ၎င်းရှိသည့်နေရာအား ပြောကြားခဲ့သည်။ ထိုအားကစားသမားကို ဆေးရုံသို့ အမြန်တင်ပို့ ကုသခဲ့သည့်အတွက် ၎င်း၏ အသက်အန္တရာယ် စိုးရိမ်ဖွယ်မရှိကြောင်း သိရသည်။

ယင်းလုပ်ကြံမှုကြောင့် ဆီးလ်ဗာသည် ၎င်း၏မိန်းကလေးနှင့် လက်ထပ်မည့်နေ့အား ရွှေ့ခဲ့ရသည်ဟု ရဲတပ်ဖွဲ့က ပြောကြားသည်။

***အင်တာနက်။***



**အစ္စရေးနိုင်ငံ ဂျေရုဆလင်မြို့တွင် လူအုပ်အတွင်း မော်တော်ယာဉ်ဖြင့် ဝင်တိုက်မှု ဖြစ်ပွားပြီးနောက် ဒဏ်ရာရရှိသွားသူတစ်ဦးအား ဆေးရုံသို့ ပို့ရန် ပြင်ဆင်နေသည်ကို စက်တင်ဘာ ၂၂ ရက်က တွေ့ရစဉ်။**

*(ဓာတ်ပုံ-အင်တာနက်)*

## ဂျေရုဆလင်တွင် မော်တော်ယာဉ်တစ်စင်း လူအုပ်အတွင်းဝင်တိုက် စစ်ဘက်တပ်ဖွဲ့ဝင်များ အပါအဝင် အရပ်သားများဒဏ်ရာရ

**ဂျေရုဆလင် စက်တင်ဘာ ၂၄**

အစ္စရေးနိုင်ငံ မြို့တော်ဂျေရုဆလင်ရှိ လူစည်ကားရာလမ်းဆုံတွင် စက်တင်ဘာ၂၁ရက်က ဘီအမ်ဒဗလျူ အမျိုးအစားကားကို မောင်းလာသူက လူအုပ်အတွင်း ဝင်တိုက်ရာ လမ်းသွားလမ်းလာ ၁၉ ဦး ဒဏ်ရာရရှိသွားကြောင်း ရဲတပ်ဖွဲ့က ပြောကြားသည်။

ယင်းယာဉ်တိုက်မှုတွင် တစ်စုံတစ်ဦးမျှ အသက်ဆုံးရှုံးခြင်း မရှိသော်လည်း စစ်ဘက်တပ်ဖွဲ့ဝင် ၁၅ ဦးနှင့် အရပ်သားလေးဦး ဒဏ်ရာရရှိခဲ့ကြောင်း မိုက်ကီရောဆန်ဖီးလ်ဆိုသူကပြောကြားသည်။

ဒဏ်ရာရရှိသူများတွင် အလွန်အမင်းပြင်းထန်စွာ ဒဏ်ရာရသူ တစ်ဦးမျှမပါဘဲ ဒဏ်ရာရသူများနှင့် အနည်းအကျဉ်း ဒဏ်ရာရရှိသူများသာ ပါသည်ဟု ဆိုသည်။ ၎င်းလူနာအားလုံးကို ဆေးရုံသို့ပို့လိုက်ကြောင်း သိရသည်။

ရန်ပြုသူ ယာဉ်မောင်းကိုမူ အရပ်သားထဲမှလက်နက်ပါလာသူတစ်ဦးက ပစ်သတ်လိုက်သည်ဟု ရဲတပ်ဖွဲ့က ပြောကြားသည်။ တရားခံမှာ မည်သူမည်ဝါဖြစ်ကြောင်း မသိရသေးသော်လည်း ယာဉ်နံပါတ်ကိုကြည့်ခြင်းအားဖြင့် ထိုကားသည် အနောက်ဘက် ဂျေရုဆလင်မြို့မှ ဖြစ်ကြောင်းသိရသည်ဟု ရောဆန်ဖီးလ်က ပြောကြားသည်။

***အင်တာနက်။***

# နို့မှုန့်နှင့်ကျန်းမာရေး

ဒေါက်တာ ခင်မောင်လွင်

'အမိနို့ဂုဏ်'ဆိုတဲ့ ဆောင်းပါးတစ်ပုဒ်ကို ကျွန်တော်ရေးခဲ့ဖူးတယ်။ 'သူ့ရဲကောင်းတို့မည်သည် အမိနို့ဂုဏ်ကိုမဖျက်စကောင်း' ဆိုတဲ့ စာသားတစ်ပိုဒ်ကို ဖတ်မိရာကနေ မိခင်နို့ရည်ရဲ့ ဂုဏ်သတ္တိကိုဖွဲ့ခဲ့တာပါ။ အဲဒီအချိန်တုန်းက တစ်ကမ္ဘာလုံးမှာ ဂိုဘီ (GOBI) လို့ အတိုကောက်ခေါ်တဲ့ နည်းပညာပြောင်းလဲမှုကြီးတစ်ရပ်ကို ရှေ့တန်းတင်ပြီး ကလေးတွေ ကျန်းမာဖို့ အသက်ရှည်ဖို့ ကြိုးစားကြတဲ့အချိန်ပါ။ G ဆိုတာ Growth Chart (ကိုယ်အလေးချိန်တိုင်းမှတ်တမ်း)၊ O ဆိုတာ Oral Rehydration (ဓာတ်ဆားရည်)၊ B ဆိုတာ Breast Milk (မိခင်နို့ရည်)၊ I ဆိုတာက Immunization (ကာကွယ်ဆေးပေးခြင်း)ဆိုတဲ့ နည်းပညာလေးခုကို ပြည်သူ့ကျန်းမာရေးနယ်ပယ်မှာ စတင်သုံးစွဲခဲ့ကြတယ်။ ဒီနည်းနဲ့ ကလေးတွေ သန်းပေါင်းများစွာ ရှင်သန်ခဲ့ပြီး ဒီကနေ့ သား ကောင်းမိခင်ဖခင်တွေ ဖြစ်နေကြတာပါ။ အဲဒီအထဲမှာ အလွယ်ကူဆုံး၊ မြန်မာ့ဓလေ့နဲ့ အဆီလျော်ဆုံးနည်းပညာဟာ မိခင်နို့တိုက်ကျွေးခြင်းပဲ ဖြစ်ပါတယ်။

**အဲဒီခေတ်အခါက တစ်ကမ္ဘာလုံးမှာ မိခင်နို့တိုက်ကျွေးတာဟာ ခေတ်နောက်ကျတဲ့ လက္ခဏာလို့ ယူဆပြီး အလှပျက်မှာဆိုးလို့ ကလေးကို နို့မတိုက်တဲ့မိခင်တွေ များစွာရှိခဲ့ပါတယ်။ နို့မှုန့်တွေအမျိုးမျိုး ပလူပျံနေတဲ့ အချိန်မှာ နို့မှုန့်တွေဟာ မိခင်နို့ကိုအနိုင်ယူခဲ့တာ နှစ်ပေါင်းသုံးဆယ်လောက် ရှိခဲ့ပါတယ်။ မိခင်နို့တိုက်ဖို့ စည်းရုံးဦးဆောင်နေတဲ့ နိုင်ငံတကာအဖွဲ့ကြီးတစ်ခုကိုတောင် တစ်ချိန်က မြန်မာတွေကြားမှာ နို့မှုန့်ဝေတဲ့ အဖွဲ့လို့ လူသိများခဲ့တဲ့အချိန်ပါ။ ကျွန်တော်တို့ ငယ်ငယ်ကလည်း အားရှိအောင် နို့မှုန့်တွေဖျော်သောက်ခဲ့ဖူးတယ်။ နို့မှုန့်ကို လက်လေးထဲမှာ ထည့်သကြားနဲ့ရောနယ်ပြီး လျက်ဆားစားသလို စားရတာ အရသာတွေ့တယ်။ ဝမ်းကတော့ ခဏခဏလျှောတာပဲ။ ကျွန်တော်တို့ဗိုက်တွေက နွားနို့နဲ့လည်းမတည့်ဘူး၊ နို့မှုန့်နဲ့လည်း သိပ်အဆင်မပြေဘူး။ လက်ညစ်ပတ်တာလည်း ပါပါတယ်။ မသန့်တဲ့နို့ဘူးထဲမှာ နို့မှုန့်ကကျဲကျဲ ရေကမသန့်နဲ့ ဝမ်းလျှောပြီး ဆေးရုံရောက်လာတဲ့ ကလေးတွေလည်းအများကြီး တွေ့ခဲ့ ဖူးပါတယ်။**

**ကျန်းမာရေးအတွက် ဒိန်ချဉ်လုပ်ကျွေးတတ်တဲ့ အိမ်ရှင်မအတွက် အခက်ပါပဲ။ နွားနို့ လတ်လတ်ဆတ်ဆတ်ကို ဝယ်ပြီး ဒိန်ချဉ်လုပ်တော့လဲ ရေများလွန်းလို့ ကျိုရတာ အချိန်ကြာ၊ ဒိန်ချဉ်လဲမခဲဘဲ ပျက်ပျက်သွားတတ်လို့ နို့မှုန့်ကို သုံးရတယ်။ နို့မှုန့်ထဲသကြားပါရင်လဲ ဒိန်ချဉ်က ပျက်တာပဲ။ အခု ဒိန်ချဉ်မပျက်ဘဲ ခဲစေတဲ့ နို့မှုန့်ထဲမှာ မယ်လမင်းဓာတ်တွေ ပါမပါ စဉ်းစားရတော့မယ်။ သက်ကြီးရွယ်အိုတွေ၊ အစာမစားနိုင်လို့ နို့မှုန့်အားဖြည့်ရတဲ့ လူနာတွေအတွက်လည်း သတိထားပြီး ရွေးချယ်ရတော့မယ်။**

အခုလည်း နို့မှုန့်ပြဿနာက ရှေ့တန်းပြန်ရောက်လာပါပြီ။ နို့မှုန့်ထဲမှာ မယ်လမင်းဆိုတဲ့ ဓာတ်တစ်မျိုးပါလာလို့ အဲဒီနို့မှုန့်မျိုးသောက်တဲ့ ကလေးတွေမှာ ရောဂါဖြစ်ရုံမကဘူး။ သေတဲ့သူ သေတယ်တဲ့။ အသက် (၂)နှစ်အောက် ကလေးတွေမှာ အဖြစ်အများဆုံးလို့တွေ့ကြရတယ်။ ဒီနေ့ပဲ ဟောင်ကောင်က ကလေးနှစ်ယောက်ရဲ့ ကျောက်ကပ်ထဲမှာ ကျောက်တည်ပြီး ရောဂါပြဿနာတက်နေတယ်လို့ သတင်းရပါတယ်၊ မယ်လမင်းဆိုတာ ပန်းကန်ခွက်ယောက်အဖြစ်နဲ့ လူသုံးများတဲ့ပစ္စည်းပါ။ ဘယ်လိုကဘယ်လို နို့မှုန့်ထဲရောက်နေသလဲမသိဘူး။ နွားမွေးခြံကလည်း နွားနို့ထဲမှာ သူတို့မယ်လမင်းအမှုန့်တွေ ရောမထည့်ဘူးလို့ပြောတယ်။ နို့မှုန့်ထုတ်တဲ့ ကုမ္ပဏီတွေကလည်း သူတို့ဒါတွေမသုံးဘူးလို့ ငြင်းတယ်။ စစ်ဆေးတဲ့ လူတွေကလဲ အခုနို့မှုန့်ထဲမှာ မယ်လမင်းဓာတ်ပါနေတာကို တွေ့လာကြတယ်။ တစ်နိုင်ငံထဲ မကတော့ဘူး။ နို့မှုန့်ပြဿနာဟာ ကျယ်ပြန့်လာလိုက်တာ နို့မှုန့်၊ ဒိန်ချဉ်၊ ရေခဲမုန့်၊ ရေခဲချောင်းကအစ နို့မှုန့်ကို အသုံးပြုနေတဲ့ အစာအာဟာရတိုင်းမှာ အဆိပ်ဓာတ်တွေ အနည်းနဲ့အများပါနေတာ တွေ့ကြရတယ်။

**မယ်လမင်းခွက်တွေထဲကို အပူထည့်ရင် အထူးသဖြင့် ဆီနဲ့ကြော်ထားတဲ့ အကြော်ပူပူတွေထည့်ရင် ဓာတ်ပြောင်းသွားပြီး ရောဂါဖြစ်စေတဲ့ ဓာတ်တွေ ထွက်လာတယ်လို့ သိရတယ်။ အခုတော့ နို့မှုန့်ထဲရောထားတဲ့ မယ်လမင်းမှုန့်တွေဟာ ကလေးတွေရဲ့ ခန္ဓာကိုယ်ထဲရောက်၊ ကျောက်ကပ်မှာစုပြီး ကျောက်တည်၊ ရောဂါရ၊ ဆီးမသွားနိုင်၊ ကျောက်ကပ်ပျက် သေတဲ့အထိ ဖြစ်ရတယ်ဆိုတော့ မိဘတွေအားလုံး ချောက်ချားကုန်ကြတော့တာပေါ့။**

ကလေးတွေအားရှိအောင်၊ သန်မာထွားကျိုင်းအောင် နို့မှုန့်တွေ ဖိတိုက်ကြရာက မမျှော်လင့်တဲ့ရလဒ် ပေါ်လာတဲ့အတွက် မိဘတွေသာမက နို့မှုန့်ထုတ်လုပ်သူတွေကော၊ ဌာနဆိုင်ရာတွေကော အလုပ်ရှုပ်ကုန်ကြတယ်။ နွားနို့(ဒါမှမဟုတ်) နို့မှုန့်ထဲရောတဲ့ ပစ္စည်းထဲမှာ မယ်လမင်းဓာတ် ပါနေတာကို အရင်ထဲကသိသိကြီးနဲ့ ထည့်ခဲ့သလား။ မသိဘဲထည့်ခဲ့ပြီး အခုမှစစ်ဆေးကြည့်လို့ တွေ့သလားဆိုတဲ့အဖြေတော့ မကြားသေးပါဘူး။ ဒါပေမယ့် နွားနို့(အရည်)ထဲမှာထက် နို့မှုန့်တွေထဲမှာ အတွေ့များတာတော့ စစ်ဆေးသိရှိလာကြပါတယ်။ နို့မှုန့်ရဲ့ အပုံတစ်ရာပုံ တစ်ပုံလောက်ဟာ မယ်လမင်းမှုန့်တွေဖြစ်နေတာကို တွေ့ကြရတယ်။ သက်ဆိုင်ရာကုမ္ပဏီတွေက သူတို့တင်ပို့ထားတဲ့ နို့မှုန့်နဲ့ နို့ထွက်ပစ္စည်းတွေကို သိမ်းဆည်းတာ၊ ဖျက်ဆီးပစ်ဖို့အကြောင်းကြားတာရှိတယ်။ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးကလဲ ကူညီဖြေရှင်းပေးနေတာကို တွေ့ရပါတယ်။

ပြီးခဲ့တဲ့ ဩဂုတ်လတစ်လလုံး မိခင်နို့တိုက်ကျွေးရေး ရက်သတ္တပတ် အခမ်းအနားတွေ မြန်မာတစ်နိုင်ငံလုံးမှာ ကျင်းပခဲ့တာ တွေ့ခဲ့ရပါတယ်။ မိခင်နို့ ရာနှုန်းပြည့်တိုက်ကျွေးခြင်း (Exclusive Breast Feeding) ကို မွေးစကခြောက်လအထိ ပြည့်ပြည့်ဝဝတိုက်ကျွေးမယ်၊ ခြောက်လကျော်တော့လည်း ဖြည့်စွက်စာ စနစ်တကျကျွေးမယ်ဆိုရင်တော့ မြန်မာကလေးငယ်တွေ နို့မှုန့်ထဲက အဆိပ်ဓာတ်တွေ ဝင်ရောက်၊ ရောဂါရတဲ့ပြဿနာ နည်းပါလိမ့်မယ်။ မိခင်နို့ရဖို့ ခက်ခဲတဲ့ ကလေးငယ်တွေအတွက်တော့ သတိထားဖို့ လိုပါလိမ့်မယ်။ ကြော်ငြာတွေ၊ ဆွဲဆောင်မှုတွေကြားမှာ ဘယ်လိုအာဟာရဟာ ကလေးငယ်အတွက် သင့်တော်မလဲဆိုတာ မိဘတွေအတွက် အရွေးရခက်ပါတယ်။ နို့မှုန့်မှာပြဿနာပါနေတယ်ဆိုတဲ့ သတင်းတွေရနေချိန်မှာ ရှောင်နိုင်ရင်တော့ အကောင်းဆုံးပါပဲ။

**ဟိုးတစ်ချိန်တုန်းက ချက်နို့ဆီထဲမှာ ဖော်မလင်ခေါ်တဲ့ ဆေးစိမ်ရည်တွေ ပါနေတယ်ဆိုတဲ့ ယုံမှားသံသယကြောင့် ချက်နို့ဆီ မသောက်ရဲတဲ့ သူတွေ ပေါ်ခဲ့တယ်။ နောက်တစ်ခါ နို့နဲ့ နို့ထွက်ပစ္စည်းတွေထဲမှာ ဒိုင်အောက်ဆင်(Dioxyn) အဆိပ်ဓာတ်တွေပါနေတယ်လို့ ဥရောပနိုင်ငံတချို့က ကြေညာခဲ့စဉ်ကလည်း မြန်မာနိုင်ငံမှာ ပညာပေး ကာကွယ်မှုတွေ လုပ်ခဲ့ရပါတယ်။ အဲဒီတုန်းကလည်း နို့၊ နို့မှုန့်၊ ဒိန်ခဲ၊ ဒိန်ချဉ်၊ ရေခဲမုန့် စတာတွေမှာ ပါလာနိုင်တဲ့ အဆိပ်ဓာတ်ကို သတိထားဖို့ ပညာပေးခဲ့ရဖူးပါတယ်။ အခုမေ့လောက်ရှိချိန်မှာ တစ်ခါ မယ်လမင်းဓာတ် နို့မှုန့်ထဲ ပါလာတဲ့ ပြဿနာနဲ့ကြုံနေရပြန်ပါတယ်။ နိုင်ငံအနှံ့အပြားနဲ့ သက်ဆိုင်နေတဲ့ ကိစ္စမို့ သတိထားပြီး ဆောင်ရွက်ဖို့လိုပါတယ်။ လောလောဆယ်တော့ နို့မှုန့်အစား နွားနို့လတ်လတ်ဆတ်ဆတ်ကို ကျက်အောင်ကျိုချက်ပြီး သောက်ကြတာတော့ ပိုကောင်းပါမယ်။**

ကျွန်တော် ကလေးမဟုတ်ပေမယ့် နို့မှုန့်ပြဿနာဟာ ကျွန်တော်နဲ့ တိုက်ရိုက်ပတ်သက်လာတယ်။ ကျန်းမာရေးအတွက် ဒိန်ချဉ်လုပ်ကျွေးတတ်တဲ့အိမ်ရှင်မအတွက်အခက်ပါပဲ။ နွားနို့လတ်လတ်ဆတ်ဆတ်ကို ဝယ်ပြီး ဒိန်ချဉ်လုပ်တော့လဲ ရေများလွန်းလို့ ကျိုရတာအချိန်ကြာ၊ ဒိန်ချဉ်လဲမခဲဘဲ ပျက်ပျက်သွားတတ်လို့ နို့မှုန့်ကိုသုံးရတယ်။ နို့မှုန့်ထဲ သကြားပါရင်လဲ ဒိန်ချဉ်က ပျက်တာပဲ။ အခု ဒိန်ချဉ်မပျက်ဘဲ ခဲစေတဲ့ နို့မှုန့်ထဲမှာ မယ်လမင်းဓာတ်တွေ ပါမပါ စဉ်းစားရတော့မယ်။ သက်ကြီးရွယ်အိုတွေ၊ အစာမစားနိုင်လို့ နို့မှုန့်အားဖြည့်ရတဲ့ လူနာတွေအတွက်လည်း သတိထားပြီး ရွေးချယ်ရတော့မယ်။

ဖြစ်နိုင်ရင်တော့ သဘာဝကရတဲ့ အစားအသောက်တွေကို ရွေးချယ်စားသုံးတာ အကောင်းဆုံးပါပဲ။ အင်အားဓာတ်၊ အသားဓာတ်၊ အမျှင်ဓာတ်၊ သက်စောင့်ဓာတ်တွေ မျှမျှတတပါတဲ့အစာကို မိမိဘာသာရွေးချယ်ပြီး သန့်သန့်ရှင်းရှင်း လတ်လတ်ဆတ်ဆတ် ချက်ပြုတ်စားနိုင်ရင်တော့ အကောင်းဆုံးပါပဲ။ မြန်မာနိုင်ငံမှာ ဟင်းသီးဟင်းရွက်၊ သစ်သီးဝလံပေါသလောက် အစားနည်းလွန်းတယ်လို့ ပညာရှင်များက ထောက်ပြကြပါတယ်။ နိုင်ငံတော်တော်များများမှာ နွားနို့အစား ပဲနို့ကို ပြောင်းသောက်လာကြပေမယ့် မြန်မာပြည်မှာတော့ ခေတ်မစားလှပါဘူး။ ပဲပြား၊ ပဲပုပ်၊ ပုန်းရည်ကြီး၊ တို့ဟူး စတဲ့ အစားအစာတွေကိုတော့ လူကြိုက်များကြပါတယ်။ ကျန်းမာရေးနဲ့ညီတဲ့ နွားနို့စစ်စစ်တွေ ပြည်တွင်းမှာ လုံလုံလောက်လောက် ထုတ်လုပ်သောက်သုံးနိုင်ဖို့လဲ ကြိုးစားရဦးမှာ ဖြစ်ပါတယ်။ နွားနို့တွေ၊ နို့မှုန့်တွေ မပါဘဲလဲ မြန်မာတွေ ကျန်းမာပြီး အသက်ရှည်နိုင်တယ်ဆိုတာကို ပြောပြရပါဦးမယ်။ ။

# ဆေးရုံများ၊ အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဌာနတို့၌ ဝန်ကြီး ဒေါက်တာကျော်မြင့် လှည့်လည်ကြည့်ရှုစစ်ဆေး



နေပြည်တော် စက်တင်ဘာ ၂၄

**ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာကျော်မြင့်သည် တာဝန်ရှိသူများ လိုက်ပါ၍ ယမန်နေ့ နံနက်ပိုင်းတွင် ရန်ကုန်တိုင်း လှိုင်သာယာမြို့နယ် ပြည်သူ့ဆေးရုံရှိ ပြင်ပလူနာဌာန၊ သားဖွားခန်း၊ လူနာဆောင်များ၊ ခွဲစိတ်ခန်း၊ ဆေးသိုလှောင်ခန်း၊ ဓာတ်ခွဲခန်း၊ ကာကွယ်ဆေးများ ထားရှိသော အအေးခန်းတို့ကို ကြည့်ရှုစစ်ဆေးသည်။** (ယာပုံ)

ထို့နောက် အစည်းအဝေးခန်းမ၌ ဝန်ကြီးအား မြို့နယ် ကျန်းမာရေး ကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ၊ မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးခင်သိန်းမောင်နှင့် မြို့နယ် ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာ ကြည်စန်းထက်တို့က မြို့နယ်အတွင်းရောဂါကာကွယ်နှိမ်နင်းရေး ဆောင်ရွက်ချက်များနှင့် ကျန်းမာရေး စောင့်ရှောက်မှုအခြေအနေများကို ရှင်းလင်းတင်ပြရာ ဝန်ကြီးက လိုအပ်သည်များကိုမှာကြားပြီး လိုအပ်ချက်များကို ညှိနှိုင်းဖြည့်ဆည်းပေးသည်။

ဆက်လက်၍ ဝန်ကြီးနှင့်အဖွဲ့သည် လှိုင်သာယာမြို့နယ် ရွှေလင်ပန်း စက်မှုဇုန်ရှိ ဆေးရုံအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ဝန်ကြီးနှင့် အဖွဲ့သည် အင်းစိန်မြို့နယ် အထွေထွေရောဂါကုဆေးရုံကြီးသို့ ရောက်ရှိပြီး ဆေးရုံဖျားနာဆောင်၊ ဓာတ်မှန်ခန်းအတွင်း စက်ပစ္စည်းများ တပ်ဆင်ထားမှု၊ အရေးပေါ်နှင့် ပြင်ပလူနာဌာနများကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် အစည်းအဝေးခန်းမ၌ ဝန်ကြီးအား ဆေးရုံအုပ်ကြီး ဒေါက်တာကျော်ကျော်က ကျန်းမာရေး စောင့်ရှောက်မှုအခြေအနေများကို ရှင်းလင်းတင်ပြရာ ဝန်ကြီးက လိုအပ်သည်များကို မှာကြားသည်။

ဆက်လက်၍ ဝန်ကြီးနှင့်အဖွဲ့သည် ဒဂုံမြို့နယ် မင်းကျောင်းလမ်းရှိ ကျန်းမာရေးဦးစီးဌာန အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဌာနသို့ ရောက်ရှိပြီး အစားအသောက် အန္တရာယ်ကင်းစင်ရေးနှင့် အရည်အသွေး ထိန်းသိမ်းရေး၊ ဓာတ်ခွဲဌာနခွဲနှင့် ဆေးဝါးဓာတ်ခွဲဌာန၌ ဈေးကွက်များမှ ရရှိသည့် နို့မှုန့်များတွင် အန္တရာယ်ဖြစ်စေနိုင်သော ဓာတုပစ္စည်းများ အထူးသဖြင့် မယ်လမင်း (Melamine) ပါဝင်ခြင်း ရှိ/မရှိ စမ်းသပ်စစ်ဆေးရန် မှာကြားသည်။

ဆက်လက်၍ ဝန်ကြီးသည် ဆေးဝါးအန္တရာယ် ကင်းစင်ရေးနှင့် အရည်အသွေး ထိန်းသိမ်းရေး ဓာတ်ခွဲ ဌာနခွဲတွင် ဆေးဝါးများ သတ်မှတ်စံနှုန်း ကိုက်ညီမှု ရှိ/မရှိ စမ်းသပ်စစ်ဆေး ဆောင်ရွက်နေမှုနှင့် ဆေးဝါးအတုများ ဈေးကွက်အတွင်း တွေ့ရှိမှု အခြေအနေများကို လှည့်လည် ကြည့်ရှုစစ်ဆေးသည်။ ဈေးကွက်များရှိ အချိုရည်များတွင် စိတ်ကြွဆေးများပါဝင်မှု ရှိ/မရှိ စမ်းသပ်စစ်ဆေးစေခဲ့ရာ စိတ်ကြွဆေးများ ပါဝင်မှုမရှိကြောင်း တွေ့ရှိရသည်။

ယင်းနောက် ဝန်ကြီးအား အစည်းအဝေးခန်းမ၌ ညွှန်ကြားရေးမှူး (အစာ/ဆေးဝါး)က ဌာန၏ ဆောင်ရွက်ချက်များကို တင်ပြရာ ဝန်ကြီးက လိုအပ်သည်များ မှာကြားသည်။

ဆက်လက်၍ ဝန်ကြီးနှင့်အဖွဲ့သည် မွန်းလွဲပိုင်းတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး စာသင်ခန်း ခန်းမ၌ ရန်ကုန်မြို့ပေါ်ရှိ အထူးကုဆေးရုံကြီးများမှ ကလေးအထူးကု ဆရာဝန်ကြီးများနှင့် တွေ့ဆုံကာ ယခုရက်ပိုင်းအတွင်း ဆေးရုံသို့ လာရောက်ပြသသည့် ကလေးလူနာများတွင် ဆီးနှင့်ပတ်သက်သည့် ရောဂါလက္ခဏာများ၊ ခါးအောင့်သည့် လက္ခဏာများ ရှိ/မရှိ အမြဲမပြတ် စောင့်ကြပ်ကြည့်ရှုရန်နှင့် တွေ့ရှိလာပါက ဝန်ကြီးဌာနသို့ အမြန်ဆုံး သတင်းပေးပို့ရန်၊ အခြားနိုင်ငံများတွင် နို့မှုန့်၌ပါဝင်သည့် မယ်လမင်း (Melamine)ကြောင့် ကလေးများတွင် အန္တရာယ်ရှိသည့် လက္ခဏာများ တွေ့ရှိရသဖြင့် မြန်မာနိုင်ငံတွင် ယင်းပြဿနာမျိုး မရှိစေရေးအတွက် သတိဖြင့် စောင့်ကြပ်ကြည့်ရှု ဆောင်ရွက်ကြရန် မှာကြားခဲ့ကြောင်းသတင်းရရှိသည်။

(သတင်းစဉ်)





ဆိပ်ကမ်း ကုန်တင်၊ ကုန်ချ လုပ်ငန်းများ သွက်လက်မှန်ကန် မြန်ဆန်စေရေးနှင့် စွမ်းအားပြည့် ဆောင်ရွက်နိုင်ရေး ကော်မတီ ဥက္ကဋ္ဌ၊ ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ် သိန်းဆွေ ဆူးလေ အမှတ်(၅) ဆိပ်ခံတံတား၌ နိုင်ငံခြား သင်္ဘောကြီး ပေါ်မှ ဆီတင် မော်တော်ယာဉ် နှင့် ယာဉ်ယန္တရားများ တင်/ချ နေမှုကိုကြည့်ရှုစစ်ဆေးစဉ်။

(သတင်းစဉ်)

# ကုန်သေတ္တာစခန်းများနှင့် ဆိပ်ကမ်း သွင်းကုန်ပို့ကုန်လုပ်ငန်းများ သွက်လက်မှန်ကန်ရေး ဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေ ကြည့်ရှုမှာကြား

ရန်ကုန် စက်တင်ဘာ ၂၄

**ဆိပ်ကမ်းကုန်တင်၊ကုန်ချလုပ်ငန်းများ သွက်လက်မှန်ကန်မြန်ဆန်စေရေးနှင့် စွမ်းအားပြည့်ဆောင်ရွက်နိုင်ရေး ကော်မတီဥက္ကဋ္ဌ၊ ပို့ဆောင်ရေးဝန်ကြီးဌာနဝန်ကြီးဗိုလ်ချုပ်သိန်းဆွေသည် ကော်မတီဝင်များနှင့်အတူ စက်တင်ဘာ ၂၂ရက်မွန်းလွဲ၂နာရီတွင် ရန်ကုန်မြို့ကမ်းနားလမ်းရှိ ဗိုလ်အောင်ကျော် ကုန်သေတ္တာစခန်း၌ စစ်ဆေးရေးအဖွဲ့ဖြင့် ကုန်သေတ္တာများအတွင်းမှ သွင်းကုန်၊ ပို့ကုန်ပစ္စည်းများကို ဖွင့်ဖောက်စစ်ဆေးနေမှုအခြေအနေ၊ ကုန်ပစ္စည်းများကို ကုန်သေတ္တာများအတွင်း၌ စနစ်တကျ ထည့်သွင်းထားရှိမှုအခြေအနေ၊ ကုန်သေတ္တာများကို X-Ray စက်ဖြင့် ဖြတ်သန်းစစ်ဆေးနေမှုနှင့် ဗိုလ်အောင်ကျော်ဆိပ်ကမ်းတွင် ဆိုက်ကပ်ရောက်ရှိနေသော မြန်မာ့ကြယ်ငါးပွင့်သင်္ဘောလုပ်ငန်းပိုင် စစ်တွေသင်္ဘောပေါ်မှ သွင်းကုန် ကုန်သေတ္တာများ မော်တော်ယာဉ်ပေါ်သို့ တင်ချဆောင်ရွက်နေမှု၊ ဆူးလေအမှတ်(၅)ဆိပ်ခံတံတား၌ ဆိုက်ကပ်ရောက်ရှိနေသော နိုင်ငံခြားသင်္ဘောကြီးပေါ်မှ ဆီတင် မော်တော်ယာဉ်နှင့် ယာဉ်ယန္တရားများတင်ချနေမှု၊ နိုင်ငံခြားသင်္ဘောကြီးပေါ်သို့ သစ်လုံးများ တင်ဆောင်နေမှုတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။**

ယင်းနောက် ဝန်ကြီးနှင့် အဖွဲ့ဝင်များသည် မြန်မာ့စက်မှုဆိပ်ကမ်းတွင် သင်္ဘောကြီးပေါ်မှ ကုန်သေတ္တာများ တင်ချနေမှုနှင့် အေးရှားဝေါလ် ဆိပ်ကမ်း ကုန်သေတ္တာစခန်းရှိ ရုံးခန်းမဆောင်၌ ပို့ကုန်၊ သွင်းကုန် လုပ်ငန်းများ၊ကုန်တင်၊ကုန်ချလုပ်ငန်းများသွက်လက်မှန်ကန်မြန်ဆန်စေရန် အတွက်တာဝန်ရှိသူများအား တွေ့ဆုံ၍ ဝန်ကြီးက ကုန်စည်စီးဆင်းမှု သွက်လက်မှန်ကန် မြန်ဆန်စေရေး အတွက် သတ်မှတ်ထားသော လုပ်ထုံးလုပ်နည်း၊ ဥပဒေစည်းမျဉ်းစည်းကမ်းမူဘောင်များနှင့်အညီ ဌာနအချင်းချင်း ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ကြရေး၊ ဆိပ်ကမ်းလုံခြုံမှု ရှိစေရေး၊ ကုန်ပစ္စည်းများ အလေအလွင့်မရှိစေရေးနှင့် ဘေးအန္တရာယ်ကင်းရှင်းရေး တို့ကို အထူးဂရုပြု ဆောင်ရွက်ကြရေး တို့ကို မှာကြားပြီး သွင်းကုန်၊ ပို့ကုန် ပစ္စည်း ကုန်သေတ္တာများကို စစ်ဆေးရေးအဖွဲ့များဖြင့် ဖွင့်ဖောက်စစ်ဆေးနေမှုအခြေအနေ၊ နိုင်ငံခြားသင်္ဘောကြီးပေါ်မှ ကုန်သေတ္တာများကို ဝန်ချီစက်ဖြင့် သယ်ချနေမှု အခြေအနေတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)





အမှတ်(၁)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီး ဇော်မင်း မန္တလေးတိုင်း ပုပ္ပားမြို့အနီးရှိ သဘာဝပိုဇိုလန် ထုတ်လုပ်ရေးစက်ရုံတွင် ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

# သဘာဝပိုဇိုလန် ထုတ်လုပ်ရေးစက်ရုံ ဝန်ကြီး ဗိုလ်မှူးကြီး ဇော်မင်း ကြည့်ရှုစစ်ဆေး

နေပြည်တော် စက်တင်ဘာ ၂၄

**အမှတ်(၁) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးဇော်မင်းသည် စက်တင်ဘာ ၂၁ ရက် နံနက်ပိုင်းတွင် မန္တလေးတိုင်း ပုပ္ပားမြို့မှ နှစ်မိုင်ခန့်အကွာ ငါးရန့်ကုန်းရွာအနီးရှိ သဘာဝပိုဇိုလန် ထုတ်လုပ်ရေးစက်ရုံသို့ ရောက်ရှိပြီး စက်ရုံရှင်းလင်းဆောင်၌ ဝန်ကြီးအား စက်ရုံမှူး ဦးကြည်ထွန်းက တစ်နေ့လျှင် တန် ၅၀၀ ကျ သဘာဝပိုဇိုလန်စက်ရုံသစ် တည်ဆောက်ပြီးစီးမှု အခြေအနေနှင့် Performance Test နှစ်ကြိမ် စမ်းသပ်မောင်းနှင်ပြီးစီးမှုအခြေအနေ၊ Blaine Testစမ်းသပ်ထားရှိမှုနှင့် တစ်နာရီကုန်ချောထွက်ရှိမှု၊Ton/hr တိုင်းတာထားရှိမှုအခြေအနေ၊ ကုန်ကြမ်းရရှိမှု၊ သိုလှောင်စုဆောင်းထားရှိမှုနှင့် ကုန်ချောထုတ်လုပ်မှု အခြေအနေ တို့ကို ရှင်းလင်းတင်ပြရာ ရှင်းလင်းတင်ပြမှုအပေါ် ဝန်ကြီးက စက်ရုံမှူးနှင့် ဝန်ထမ်းများအား စက်စွမ်းအားပြည့် ထုတ်လုပ်နိုင်ရေးနှင့် ဝန်ထမ်းရေးရာကိစ္စရပ်များကို အသေးစိတ်မှာကြားသည်။**

ထို့နောက် ဝန်ကြီးသည် စက်ရုံဟောင်းတွင် ပိုဇိုလန် ဖုန်မှုန့်များ ထွက်ရှိမှု ပပျောက်သွားစေရန် Dust Collectorတပ်ဆင်ပြီး စက်မောင်းနှင်ချိန် တွေ့ရှိရမှု အခြေအနေကို လည်းကောင်း၊ စက်ရုံသစ်အတွင်းသို့ ရောက်ရှိပြီးနောက် Ball Mill များ လည်ပတ်မောင်းနှင်နေမှုအခြေအနေနှင့် စက်များ တပ်ဆင်ပြီးစီးမှု အခြေအနေ၊ Air Compressor ခန်းရှိ စက်ပစ္စည်းများ တပ်ဆင်ထားရှိမှု အခြေအနေနှင့် Sub Station ခန်းရှိ စက်ပစ္စည်းများထားရှိမှု အခြေအနေတို့ကိုလှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် ဝန်ကြီးနှင့် အဖွဲ့သည် တန် ၅၀၀၀ ဆံ့ ကုန်ချော သိုလှောင်ရုံခန်း၌ ကုန်ချောများကို တစ်တန်ဆံ့နှင့် ၅၀ ကီလိုဂရမ်ဆံ့ ထုပ်ပိုးခွံများဖြင့် စနစ်တကျ ထုပ်ပိုးနေမှုနှင့် သိုလှောင်ထားရှိမှု အခြေအနေတို့ကို ကြည့်ရှုစစ်ဆေးပြီး ဝန်ကြီးက စက်ရုံမှူးနှင့် တာဝန်ရှိသူများအား အရည်အသွေးများ စစ်ဆေးကြပ်မတ်ရေး၊ အလေအလွင့်နည်းပါးရေး၊ စက်ရုံဝန်းကျင်သန့်ရှင်းသာယာလှပရေးနှင့် လုပ်ငန်းခွင်အန္တရာယ်ကင်းရှင်းရေးတို့ကိုမှာကြားပြီးလိုအပ်ချက်များ ဖြည့်ဆည်းဆောင်ရွက်ပေးကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

# ကျိုင်းတုံမြို့နယ်၌ စာဖတ်ဝိုင်းနှင့် ကဗျာရွတ်ဆိုပြိုင်ပွဲ ကျင်းပ

**ရန်ကုန် စက်တင်ဘာ ၂၄**

ရှမ်းပြည်နယ် (အရှေ့ပိုင်း) ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနနှင့် ဝေါလ်ဗွီးရှင်း(မြန်မာ) ကျိုင်းတုံတို့ ပူးပေါင်း ဆောင်ရွက်သော သုတမောင်၊ သုတမယ်၊ စာဖတ်ဝိုင်းနှင့် ကဗျာရွတ်ဆိုပြိုင်ပွဲကို စက်တင်ဘာ ၈ ရက်က ဂျိုးဖြူစံပြ ကျေးရွာခန်းမဆောင်၌ ကျင်းပသည်။



## ရှင်းလင်းတင်ပြ

ရှေးဦးစွာ ရှမ်းပြည်နယ် (အရှေ့ပိုင်း) တွဲဖက်ပြည်နယ်ပညာရေးမှူး ဦးတင်အောင်က အမှာစကား ပြောကြားပြီး ပြည်နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးစိုးစိုးက ပြိုင်ပွဲကျင်းပရခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းတင်ပြပြီး ပြိုင်ပွဲများကို ဆက်လက်ကျင်းပသည်။

## ပေးအပ်ချီးမြှင့်

ထို့နောက် ဆုချီးမြှင့်ပွဲကို ကျင်းပရာ လက်ထောက်ညွှန်ကြားရေးမှူး ဦးစိုးစိုးက သုတမောင်ဆုရ တွဲဖက်အလယ်တန်းကျောင်း (ယန်းလူး)မှ မောင်ဖိုးချောင်းနှင့် သုတမယ်ဆုရ တွဲဖက်အလယ်တန်းကျောင်း (မိုင်းဇင်း)မှ မထက်ထက်အောင် တို့အားလည်းကောင်း၊ ဝေါလ်ဗွီးရှင်း(မြန်မာ) ကျိုင်းတုံမှ ဒေါ်နန်းရှဲန်နွန်းက ကဗျာရွတ်ဆိုပြိုင်ပွဲဆုရ အခြေခံပညာမူလတန်းလွန်ကျောင်း (ပန်ဟွန်း) ကျောင်းသူ၊ ကျောင်းသားများအဖွဲ့နှင့် စာဖတ်ဝိုင်းဆုရ တွဲဖက်အလယ်တန်းကျောင်း (မိုင်းဇင်း) ကျောင်းသူ၊ ကျောင်းသားများ အဖွဲ့အားလည်းကောင်း ဆုများ ပေးအပ်ချီးမြှင့်ကြောင်း သိရသည်။ **(အပေါ်ပုံ)**

(ပြည်နယ်ပြန်/ဆက်)

# မြဝတီရုပ်မြင်သံကြားအစီအစဉ်

၂၅-၉-၂၀၀၈ ( ကြာသပတေးနေ့ )

**နံနက်ပိုင်း**

၇း၀၀ ၁။ မြဝတီအဖွင့်
၇း၀၅ ၂။ အဖွင့်သီချင်း
၇း၁၀ ၃။ မျိုးချစ်တပ်မတော်
၇း၂၀ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇း၃၀ ၅။ မြန်မာသံစဉ်ချိုနားဝင်
၇း၄၅ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊ အတီးပြိုင်ပွဲအစီအစဉ်
၇း၅၀ ၇။ သာယာသီကြွေး ခေတ်ဆန်းတေး
၇း၅၅ ၈။ အမျိုးသားရေးတေးကဗျာ
၈း၀၀ ၉။ မြဝတီရုပ်မြင်သံကြား သတင်း
၈း၁၀ ၁၀။ အမျိုးသားရေးတေးကဗျာ
၈း၁၅ ၁၁။ အပိတ်နှုတ်ဆက်စကား
၈း၁၆ ၁၂။ ပြီးပါပြီ။

**ညပိုင်း**

၄း၀၀ ၁။ မြဝတီအဖွင့်
၄း၀၅ ၂။ အဖွင့်သီချင်း
၄း၁၀ ၃။ မျိုးချစ်တပ်မတော်
၄း၂၀ ၄။ အမျိုးသားရေးတေးကဗျာ
၄း၃၅ ၅။ မြန်မာသံစဉ်ချိုနားဝင်
၄း၄၅ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊ အတီးပြိုင်ပွဲအစီအစဉ်
၅း၀၅ ၇။ တိုင်းကျိုးပြည်ပြု တည်ထောင်မှု
၅း၁၀ ၈။ မြတ်နိုးကြစေ အမျိုးသားအမွေ
၅း၂၀ ၉။ သာယာသီကြွေး ခေတ်ဆန်းတေး
၆း၀၀ ၁၀။ မြဝတီရုပ်မြင်သံကြားသတင်း
၆း၁၀ ၁၁။ နိုင်ငံတကာသတင်း
၆း၂၀ ၁၂။ အမျိုးသားရေးတေးကဗျာ
၆း၂၅ ၁၃။ **ကာတွန်းအစီအစဉ် -ကျားကလေးရဲ့ မွေးရပ်မြေ (အပိုင်း-၃၃)**
၆း၄၅ ၁၄။ လျှပ်တစ်ပြက်ရိုက်ချက်
၇း၀၀ ၁၅။ **ရသစုံလင် ရုပ်မြင်ဇာတ်လမ်း -သံမဏိစိတ်ဓာတ် အပိုင်း (၇)**
၈း၀၀ ၁၆။ မြဝတီရုပ်မြင်သံကြားသတင်း
၁၇။ မိုးလေဝသသတင်း
၁၈။ အမျိုးသားရေးတေးကဗျာ
၁၉။ အနုပညာရှင်၏ တစ်နေ့တာ
၂၀။ ကုန်သွယ်သုတ
၂၁။ မြဝတီရုပ်မြင်သံကြား မဂ္ဂဇင်းကဏ္ဍ
၂၂။ ယနေ့ညအတွက် မြဝတီ၏ တေးလက်ဆောင်
၂၃။ **ရသစုံလင် ရုပ်မြင်ဇာတ်လမ်း -နှင်းတောင်သူရဲကောင်း (အပိုင်း -၃၁)**
၂၄။ သင့်အတွက်မနက်ဖြန်
၂၅။ အပိတ်နှုတ်ဆက်စကား
၂၆။ ပြီးပါပြီ။



**ရွှေပြည်သာ စက်မှုဇုန် တာဝန်ခံ ပြန်ကြားရေး ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ် ကျော်ဆန်း ရွှေပြည်သာစက်မှုဇုန် စီမံခန့်ခွဲရေး ကော်မတီဝင်များ၊ စက်မှု လုပ်ငန်းရှင်များအား အမှာစကား ပြောကြားစဉ်။** (သတင်းစဉ်)

# ရွှေပြည်သာစက်မှုဇုန်တာဝန်ခံ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းနှင့် ရွှေပြည်သာစက်မှုဇုန် စီမံခန့်ခွဲရေးကော်မတီဝင်များ၊ စက်မှုလုပ်ငန်းရှင်များ တွေ့ဆုံပွဲကျင်းပ

ရန်ကုန် စက်တင်ဘာ ၂၄

**ရွှေပြည်သာစက်မှုဇုန် တာဝန်ခံ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းနှင့် ရွှေပြည်သာစက်မှုဇုန် စီမံခန့်ခွဲရေးကော်မတီဝင်များ၊ စက်မှုလုပ်ငန်းရှင်များ တွေ့ဆုံပွဲအခမ်းအနားကို စက်တင်ဘာ ၂၃ ရက် နံနက် ၉ နာရီခွဲတွင် ရွှေပြည်သာစက်မှုဇုန် စီမံခန့်ခွဲရေးရုံးခန်းမ၌ ကျင်းပသည်။**

အခမ်းအနားသို့ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးစိုးဝင်း၊ မြန်မာ့ရုပ်ရှင်လုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးအောင်မျိုးမြင့်၊ ရန်ကုန်မြောက်ပိုင်းခရိုင် စက်မှုဇုန်ကြီးကြပ်ရေးကော်မတီဥက္ကဋ္ဌ၊ရန်ကုန်မြောက်ပိုင်းခရိုင် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌဦးသိန်းနိုင်၊ ရွှေပြည်သာစက်မှုဇုန် အပိုင်း(၁)စီမံခန့်ခွဲရေးကော်မတီဥက္ကဋ္ဌ ဦးအောင်သိန်း၊ ရွှေပြည်သာစက်မှုဇုန် အပိုင်း (၂၊၃၊၄) စီမံခန့်ခွဲရေး ကော်မတီ ဥက္ကဋ္ဌ ဦးစိုင်းမျိုးဝင်းနှင့် စက်မှုဇုန်စီမံခန့်ခွဲရေး ကော်မတီဝင်များ တက်ရောက်ကြသည်။

ရှေးဦးစွာ ရွှေပြည်သာစက်မှုဇုန် တာဝန်ခံ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းက အမှာစကားပြောကြားသည်။

ထို့နောက် ရွှေပြည်သာစက်မှုဇုန် အပိုင်း(၁) စီမံခန့်ခွဲရေး ကော်မတီ ဥက္ကဋ္ဌဦးအောင်သိန်းနှင့်ရွှေပြည်သာ စက်မှုဇုန်အပိုင်း (၂၊၃၊၄) စီမံခန့်ခွဲရေးကော်မတီ ဥက္ကဋ္ဌ ဦးစိုင်းမျိုးဝင်းတို့က စက်မှုဇုန်၏ လုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေများနှင့် လိုအပ်ချက်များကိုတင်ပြကြပြီး ခရိုင်စက်မှုဇုန်ကြီးကြပ်ရေးကော်မတီ ဥက္ကဋ္ဌ ဦးသိန်းနိုင်က ဖြည့်စွက်တင်ပြသည်။ တင်ပြချက်များအပေါ် စက်မှုဇုန်တာဝန်ခံ ဝန်ကြီးက လိုအပ်သည်များကို ညှိနှိုင်းဖြည့်ဆည်း ဆောင်ရွက်ပေးသည်။

ယင်းနောက် ရွှေပြည်သာစက်မှုဇုန် တာဝန်ခံ ဝန်ကြီးသည် Myanmar Lighting Manufacturing Co., Ltd. သို့ ရောက်ရှိရာ ကုမ္ပဏီလီမိတက်ဥက္ကဋ္ဌ ဦးစိန်ဝမ်က ကုမ္ပဏီ၏ လျှပ်စစ်ပစ္စည်းများနှင့် Super Lamp မီးချောင်းများ ထုတ်လုပ်နေမှု အခြေအနေများကို လိုက်လံရှင်းလင်း ပြသသည်။

ဆက်လက်၍ ရွှေပြည်သာစက်မှုဇုန် တာဝန်ခံ ဝန်ကြီးသည် Yangon Crown Cable Wire Co., Ltd.သို့ ရောက်ရှိရာ မန်နေဂျင်း ဒါရိုက်တာ ဦးရှောင်စန်းနှင့် တာဝန်ရှိသူများက Yangon Crown Cable Wire စက်ရုံမှ ထုတ်လုပ်လျက်ရှိသော လျှပ်စစ်ဓာတ်ကြိုးများနှင့် ကောင်းကင်ကြိုးများ ထုတ်လုပ်မှုအဆင့်ဆင့်တို့ကို လိုက်လံရှင်းလင်းပြသကြရာ ဇုန်တာဝန်ခံ ဝန်ကြီးက နည်းပညာများ ပိုမိုတိုးတက်မြင့်မားလာအောင်ကြိုးပမ်းရင်း ထုတ်ကုန်ပစ္စည်းများ၏ အရည်အသွေးကို တိုးမြှင့်ထုတ်လုပ်နိုင်ရေး မှာကြားခဲ့သည်။

ရွှေပြည်သာစက်မှုဇုန်အပိုင်း(၁)၌ လည်ပတ်စက်ရုံပေါင်း ၁၁၅ ရုံ၊ စက်မှုဇုန် အပိုင်း(၂)(၃)နှင့်(၄)တို့၌ လည်ပတ်စက်ရုံပေါင်း ၁၀၅ ရုံရှိကာ အဆိုပါစက်ရုံများမှ အထည်မျိုးစုံ၊ စားသောက်ကုန်၊ လူသုံးကုန်၊ ဆောက်လုပ်ရေးနှင့် သံရည်ကျိုပစ္စည်း၊ လျှပ်စစ်ပစ္စည်း၊ သစ်တောထွက် ပစ္စည်း၊ ဓာတုဗေဒ ပစ္စည်း၊ စက္ကူနှင့် စာရေးကိရိယာပစ္စည်း၊ စက်နှင့် စက်ကိရိယာ ပစ္စည်းနှင့် ရေထွက်ပစ္စည်းတို့ကို ထုတ်လုပ်လျက်ရှိကြောင်း သိရသည်။

(သတင်းစဉ်)



**ရွှေပြည်သာစက်မှုဇုန်တာဝန်ခံ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း ရွှေပြည်သာစက်မှုဇုန်ရှိ Myanmar Lighting Manufacturing Co.,Ltd. တွင် လျှပ်စစ်ပစ္စည်းများနှင့် Super Lamp မီးချောင်းများ ထုတ်လုပ်နေမှုအခြေအနေကို ကြည့်ရှုအားပေးစဉ်။** (သတင်းစဉ်)

# မိုးစပါးတိုးချဲ့ စိုက်မြေများ ဆားငန်ရေ မဝင်ရေး တာပတ်လုပ်ငန်းပြီးစီး

**ရန်ကုန် စက်တင်ဘာ ၂၄**

တနင်္သာရီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော်ဦးသည် စက်တင်ဘာ ၁၅ ရက် နံနက် ၁၁ နာရီတွင် ထားဝယ်ခရိုင် လောင်းလုံမြို့နယ် လုလင်လှကျွန်း၌ မိုးစပါး တိုးချဲ့စိုက်ပျိုးမြေဧကများတွင် ဆားငန်ရေ ဝင်ရောက်မှုမရှိရေး၊ တာပတ်ခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုများနှင့် မိုးစပါးအောင်မြင်ဖြစ်ထွန်းမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် တိုင်းမှူးသည် လောင်းလုံမြို့နယ် ကညံ့ကျွန်းကျေးရွာ မိုးစပါးစိုက်ခင်းများ အောင်မြင် ဖြစ်ထွန်းနေမှုကို ကြည့်ရှုစစ်ဆေးပြီး ဒေသခံတောင်သူလယ်သမားများနှင့် ရင်းရင်းနှီးနှီး တွေ့ဆုံ၍ ဒေသဝမ်းစာဖူလုံပို့လျှံရေး၊ စပါးအထွက်တိုးရေးဆိုင်ရာများ ဆွေးနွေးမှာကြားခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

# MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၂၅-၉-၂၀၀၈ (ကြာသပတေးနေ့)

**AM & PM**

၇း၀၀-၁း၀၀ MRTV-4 အဖွင့် Logo၊ ယနေ့အစီအစဉ်
၇း၀၅-၁း၀၅ **“အဝိဇ္ဇာဦးစီးပုံနှင့် တဏှာဦးစီးပုံ ခန္ဓာဉာဏ်ရောက် ဒိဋ္ဌိဖြုတ်” တရားတော်**
**(မုံလယ်တောရဆရာတော် ဘဒ္ဒန္တသံဝရ)**
၇း၅၀-၁း၅၀ နိဗ္ဗာန်ဆီသို့. . . အမေးအဖြေများ
၈း၁၀-၂း၁၀ တေးဂီတအစီအစဉ်
၈း၁၅-၂း၁၅ သဘာဝကပေးတဲ့ အကျိုးအာနိသင်
၈း၃၀-၂း၃၀ ဦးနှောက်အကျိတ်ရောဂါအကြောင်းသိကောင်းစရာ
(ပါမောက္ခဒေါက်တာအောင်ကျော်၊
ပါမောက္ခဒေါက်တာမြင့်သိန်း၊
ပါမောက္ခဒေါက်တာကျော်စွာအောင်)
၉း၀၅-၃း၀၅ အလှုဆင်ပူဇော် ဘုရားမီးရောင်ခြည်တော်
၉း၂၅-၃း၂၅ ပြည်တွင်းသတင်းအကျဉ်း
၉း၃၅-၃း၃၅ တေးဂီတအစီအစဉ်
၉း၄၀-၃း၄၀ **ကျန်းမာသန်ထွား ဉာဏ်မြင့်မား**
**(မင်းရာဇာ၊ မျိုးစန္ဒီကျော်၊ တက္ကသိုလ်ဂွမ်းပုံ)**
၁၀း၀၀-၄း၀၀ ပြည်တွင်းအနုပညာရေးရာ
၁၀း၂၅-၄း၂၅ နိုင်ငံတကာသတင်းအကျဉ်း
၁၀း၃၀-၄း၃၀ တေးဂီတအစီအစဉ်
၁၀း၃၅-၄း၃၅ မြန်မာစာ၊ မြန်မာစကား
၁၀း၅၀-၄း၅၀ မိုးလေဝသခန့်မှန်းချက်
၁၀း၅၅-၄း၅၅ တိရစ္ဆာန်လေးတွေမွေးကြမယ်
၁၁း၁၀-၅း၁၀ တေးဂီတအစီအစဉ်
၁၁း၁၅-၅း၁၅ ပြည်တွင်းသတင်းအကျဉ်း
၁၁း၂၅-၅း၂၅ သင့်မိသားစုနှင့် သင့်ပိုင်ဆိုင်မှုများအတွက်
၁၁း၄၀-၅း၄၀ တေးဂီတအစီအစဉ်
၁၁း၄၅-၅း၄၅ နိုင်ငံတကာသတင်းအကျဉ်း
၁၁း၅၀-၅း၅၀ Yangon Panorama
(မျက်ကြည်လွှာ စုပေါင်းလျှဒါန်းပွဲနှင့် ဘဝနေနည်းဓမ္မပညာပေး ဟောပြောပွဲ)
၁၂း၁၅-၆း၁၅ မြန်မာကြိုက် နံ့သာဖြူပရုပ်ဆီ
၁၂း၂၅-၆း၂၅ တေးဂီတအစီအစဉ်
၁၂း၃၀-၆း၃၀ ရင်ခုန်စွန့်စားအပန်းဖြေခြင်းများ
၁း၀၀-၇း၀၀ MRTV-4 အပိတ် Logo

**MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။**

# ယာဉ်မတော်တဆမှု လျော့နည်းပပျောက်ရေး အထူးရှောင်တခင်စစ်ဆေး

**ရန်ကုန် စက်တင်ဘာ ၂၄**

ရထားပို့ဆောင်ရေးဝန်ကြီးဌာန၏ ကြီးကြပ်မှုဖြင့် ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာန ရန်ကုန်တိုင်း ခရိုင်ရုံး(မြောက်ပိုင်း)မှ ဦးစီးမှူး ဒေါ်နီနီရွှေ ခေါင်းဆောင်သော အဖွဲ့သည် တိုင်းပို့ဆောင်ရေး စီမံကိန်းဦးစီးဌာန မော်တော်ယာဉ်လိုင်းပေါင်းစုံ ထိန်းသိမ်းရေး ကြီးကြပ်မှုကော်မတီ(အဝေးပြေး)တို့နှင့် ပူးပေါင်း၍ စက်တင်ဘာ ၂၀ရက်က လှိုင်သာယာမြို့ ဒဂုံဧရာ အဝေးပြေးဂိတ်မှ ထွက်ခွာကြမည့် ခရီးသည်တင်ယာဉ် ၃၈ စီးကို ယာဉ်မတော်တဆမှု လျော့နည်းပပျောက်ရေးအတွက် ယာဉ်ကြံ့ခိုင်မှု ရှိ၊ မရှိ သတ်မှတ်ယာဉ်မောင်းလိုင်စင်ဖြင့် မောင်းနှင်ခြင်း ရှိ၊ မရှိနှင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းနှင့်အညီ စနစ်တကျထိန်းသိမ်းမောင်းနှင်ခြင်း ရှိ၊ မရှိ အထူးရှောင်တခင်စစ်ဆေး၍ ပညာပေးအရေးယူ ဆောင်ရွက်ခဲ့ကြကြောင်း သိရှိရသည်။ **(အောက်ပုံ)**

(သတင်းစဉ်)



# ဝန်ကြီးပိုလ်မှူးချုပ်သိန်းအောင်အား တရုတ်ဧည့်သည်အဖွဲ့တွေ့ဆုံ

**နေပြည်တော် စက်တင်ဘာ ၂၄**

သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင်အား တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကျိလင်ပြည်နယ် ဒုတိယအုပ်ချုပ်ရေးမှူး Mr. Wang Shouchen ဦးဆောင်သည့် Jilin Fuhua Agricultural Science and Technology Development Co., Ltd. မှ ၁၄ ဦးပါ ကိုယ်စားလှယ်အဖွဲ့သည် ယနေ့ ညနေပိုင်းတွင် နေပြည်တော်ရှိ သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီးရုံး ကျွန်းရွှေဝါခန်းမ၌ လာရောက်တွေ့ဆုံ၍ နှစ်နိုင်ငံအကြား သစ်တောရေးရာကိစ္စများတွင် ရင်းနှီးမြှုပ်နှံရေးနှင့် စပ်လျဉ်း၍ ဆွေးနွေးကြသည်။ **(ယာပုံ)**

ထိုသို့ တွေ့ဆုံရာတွင် သစ်တောရေးရာဝန်ကြီးဌာနမှ ဌာနဆိုင်ရာအကြီးအကဲများနှင့် တာဝန်ရှိသူများ တက်ရောက်ကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)





**အလုပ်သမားဝန်ကြီးဌာန ဝန်ကြီး ဦးအောင်ကြည်အား ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ ဩစတြေးလျနိုင်ငံသံအမတ်ကြီး H.E. Ms. Michelle SU-Wen Chan လာရောက်တွေ့ဆုံစဉ်။**(သတင်းစဉ်)

# ဝန်ကြီး ဦးအောင်ကြည်အား ဩစတြေးလျသံအမတ်ကြီး လာရောက်တွေ့ဆုံ

**နေပြည်တော် စက်တင်ဘာ ၂၄**

အလုပ်သမားဝန်ကြီးဌာန ဝန်ကြီး ဦးအောင်ကြည်အား ပြည်ထောင်စု မြန်မာနိုင်ငံတော်ဆိုင်ရာ ဩစတြေးလျ ခနသဟာယနိုင်ငံ သံအမတ်ကြီး H.E. Ms. Michelle SU-Wen Chan သည် ယမန်နေ့ ညနေ ၃ နာရီ တွင် နေပြည်တော်ရှိ အလုပ်သမားဝန်ကြီးဌာန ဧည့်ခန်းမသို့ လာရောက်တွေ့ဆုံသည်။

ထိုသို့ တွေ့ဆုံရာတွင် အလုပ်သမားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်တင်ထွန်းအောင်နှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ တက်ရောက်ကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

# ၂၀၀၈ ခုနှစ် အာဟာရဖွံ့ဖြိုးရေး ရက်သတ္တပတ်လှုပ်ရှားမှု အထိမ်းအမှတ်အခမ်းအနားကျင်းပ

**နေပြည်တော် စက်တင်ဘာ ၂၄**

မြန်မာနိုင်ငံ မိခင်နှင့် ကလေး စောင့်ရှောက်ရေးအသင်း၏ ၂၀၀၈ ခုနှစ် အာဟာရဖွံ့ဖြိုးရေး ရက်သတ္တပတ် လှုပ်ရှားမှု အထိမ်းအမှတ် အခမ်းအနားကို ယနေ့ နံနက် ၉ နာရီခွဲတွင် နေပြည်တော်ရှိ မြန်မာနိုင်ငံ မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းရုံး(ဗဟို)၌ ကျင်းပရာ မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း ဒုတိယဥက္ကဋ္ဌ ဒေါက်တာဒေါ်တင်လင်းမြင့်က အဖွင့်အမှာစကားပြောကြားပြီး အခမ်းအနားကိုခေတ္တရပ်နားသည်။

ထို့နောက် အခမ်းအနားကို ဆက်လက်ကျင်းပရာ ဒုတိယ ဥက္ကဋ္ဌနှင့် တက်ရောက်လာကြသူများသည် အာဟာရဖွံ့ဖြိုးရေး ရက်သတ္တပတ် လှုပ်ရှားမှု မှတ်တမ်းဓာတ်ပုံများကို ကြည့်ရှုလေ့လာကြသည်။

ဆက်လက်၍ အာဟာရ ဖွံ့ဖြိုးရေးရက်သတ္တပတ်လှုပ်ရှားမှုအထိမ်းအမှတ်ဟောပြောပွဲကို ဆက်လက်ကျင်းပရာ ကျန်းမာရေးဦးစီးဌာန အာဟာရဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါက်တာဒေါ်အေးအေးသော်က ငါးနှစ်အောက်ကလေးများ အာဟာရအကြောင်းကို ဟောပြောကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

**မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းဒုတိယ ဥက္ကဋ္ဌ ဒေါက်တာ ဒေါ်တင်လင်းမြင့် မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း ၏ ၂၀၀၈ ခုနှစ် အာဟာရဖွံ့ဖြိုးရေး ရက်သတ္တပတ် လှုပ်ရှားမှု အထိမ်းအမှတ် အခမ်းအနား တွင် အမှာစကားပြောကြားစဉ်။** (သတင်းစဉ်)





### ❒ ရှေ့ဖုံးမှ

အခမ်းအနားသို့ တက်ရောက်၍ ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်ပြီး ဂုဏ်ပြုအမှာစကားပြောကြားသည်။

ယင်းနောက် ဗိုလ်ချုပ်အုန်းမြင့်နှင့် အဖွဲ့ဝင်များသည် မြစ်ကြီးနားမြို့ စည်ပင်သာယာရေးရေဆိပ်၌ ကျင်းပသည့် ကချင်ပြည်နယ်၏ ၂၀၀၈-၂၀၀၉ခုနှစ် ဧရာဝတီမြစ်အတွင်းသို့ ငါးမျိုးစိုက်ထည့်ခြင်း အခမ်းအနားသို့ တက်ရောက်ပြီး ဧရာဝတီမြစ်အတွင်းသို့ ငါးမြစ်ချင်းသားပေါက် ကောင်ရေငါးသိန်းကို စိုက်ထည့်ပေးကြသည်။

ဆက်လက်၍ ဗိုလ်ချုပ်အုန်းမြင့်သည် မြစ်ကြီးနားမြို့ မြို့တော်ခန်းမ၌ ပြည်နယ်၊ ခရိုင်နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် မြို့မိမြို့ဖများအား တွေ့ဆုံသည်။

ထို့နောက် ဗိုလ်ချုပ်အုန်းမြင့်၊ တိုင်းမှူးနှင့်တာဝန်ရှိသူများကပြည်နယ်ရှိအားကစားအသင်းအဖွဲ့များ၊ဆေးရုံများ၊ကျောင်းများနှင့်လူမှုရေးအသင်းအဖွဲ့များအတွက် အားကစားပစ္စည်းများ၊ ဆေးပစ္စည်းများ၊ ဗလာစာအုပ်များနှင့် စာရေးကိရိယာများ၊ ထောက်ပံ့ငွေများကို ပေးအပ်ခဲ့ကြောင်းသိရှိရသည်။ (သတင်းစဉ်)

### ▲ ရင်သားကင်ဆာမှ

ဘော်စတန်မြို့၌ ပြုလုပ်မည့် ဓာတ်ရောင်ခြည် ကုသခြင်းဆိုင်ရာ ဆွေးနွေးပွဲ၌ တင်ပြမည်ဖြစ်သည်။

ထိုအမျိုးသမီးများသည် ရောဂါကုသမှုခံယူပြီးနောက် ၎င်းတို့၏ နောက်ဆက်တွဲ အကျိုးဆက်များကို

### ❖ အင်းလေးမှ

ညောင်ရွှေနှင့် နမ့်ပန်ဈေးမှာ တစ်နေ့တည်း တစ်ပြိုင်တည်း ရောင်းချသော ဈေးဖြစ်ပြီး ညောင်ရွှေမှာ မြို့ပေါ်ဈေးဖြစ်၍ နမ့်ပန်မှာ ရေပေါ်ဈေး ဖြစ်သည်။

ဟဲဟိုး၊ သံတောင်၊ တောင်တိုဈေးမှာ တစ်နေ့တည်း တစ်ပြိုင်တည်း ရောင်းချပြီး ဟဲဟိုးမှာ မြို့ပေါ်ဈေးဖြစ်ကာ သံတောင်၊ တောင်တိုဈေးမှာ ရေပေါ်ဈေးဖြစ်သည်။

တောင်ကြီး၊ အောင်ပန်း၊ ရွာမဈေးမှာ တစ်နေ့တည်း တစ်ပြိုင်တည်း ရောင်းချသော ဈေးဖြစ်ပြီး တောင်ကြီးနှင့် အောင်ပန်းဈေးမှာ မြို့ပေါ်ဈေးဖြစ်ကာ ရွာမဈေးမှာ ရေပေါ်ဈေးဖြစ်သည်။

မိုင်းသောက်နှင့် ဖောင်တော်ဦးဈေးမှာ တစ်နေ့တည်း တစ်ပြိုင်တည်း ရောင်းချသော ဈေးဖြစ်ပြီး မိုင်းသောက်ဈေးမှာ ရွာပေါ်ဈေးဖြစ်သည်။

ရောင်းချသော ပစ္စည်းများမှာ အများအားဖြင့် ဒေသထွက်စားကုန်ပစ္စည်းများဖြစ်သည့် ကြက်သွန်၊ ငရုတ်သီး၊ ကြံ၊ ခရမ်းချဉ်၊ မြေပဲ၊ ပဲပုပ်၊ သနပ်ဖက်၊ ဆန်၊ ပဲမျိုးစုံတို့ဖြစ်ကြသည်။ ငါးများကို ပိသာချိန်နှင့် ရောင်းချသည်ထက် အတွဲလိုက်ရောင်းချသည်က များသည်။ ငါးဖယ်၊ ငါးရံ့၊ ဂျပန်ငါး၊ ကျောက်ငါးများကို အများဆုံး ရောင်းချသည်။

ရောင်းချသူများမှာ အင်းသား၊ ဓနု၊ ပအိုဝ်းစသည့် ဒေသခံတိုင်းရင်းသားများဖြစ်ပြီး အလေးမှန်၊ ဈေးမှန်ရောင်းချကြသည်။ ဈေးနေ့တွင် ကုန်ပစ္စည်းများကို အနီးဝန်းကျင် ရွာများကလာရောက်ဝယ်ယူလေ့ရှိကြပြီးရောင်းသူဝယ်သူများနှင့် စည်ကားသော ဈေးနေ့မြင်ကွင်းများမှာ ဒေသ၏ ထူးခြားသည့် မြင်ကွင်းများဖြစ်ပြီး ကမ္ဘာလှည့် ခရီးသွားများကပါ စိတ်ဝင်စားကြသော ရိုးရာ ဓလေ့စရိုက်မြင်ကွင်းများလည်း ဖြစ်သည်။ (ကြေးမုံ)

## ကမ္ဘာလှည့်များလေ့လာ

**အင်းလေးဒေသတွင် ငါးရက်တစ်ကြိမ်ဈေး၌ ကမ္ဘာလှည့်ခရီးသွားများ စိတ်ဝင်စားစွာ လာရောက် လေ့လာကြစဉ်။**



သုံးလမှ ၁၅ နှစ်အတွင်း လေ့လာစောင့်ကြည့်ခဲ့သည်။ ထိုလေ့လာတွေ့ရှိချက်အရ ရင်သားကင်ဆာကုသမှု ခံယူထားသူများသည် သာမန် အမျိုးသမီးများနှင့် နှိုင်းယှဉ်လျှင် ကျန်းမာစွာနေထိုင်လျက်ရှိသည်ကို တွေ့ရှိရသည်ဟုဆိုနိုင်ခြင်း ဖြစ်သည်။

***အင်တာနက်။***

### ○ ကျောဖုံးမှ

ထစ်ချွန်း(မိုးသောက်ကြယ်)၊ စောပဂရေမှူး K.L.N နှင့် ဖိုးကေ(မန္တလေး)၊ စောကရင်(မိုးသောက်ကြယ်)နှင့် ခိုင်စကြာ(ရက္ခဗျာလ)၊ သားသား K.L.N နှင့်ရှုမဝ(ဒေါင်းမြန်မာ)၊ ကျော်ဆန်း(မိုးသောက်ကြယ်)နှင့် ရွှေမိုးကောင်း(ဘိလပ်မြေစက်ရုံ)၊ နေဇော်(ဒေါင်းမြန်မာ)နှင့် ပြည့်စုံအောင်(ရက္ခဗျာလ)၊ လင်းယုန်(ရက္ခဗျာလ)နှင့် မိုးမခ(မန္တလေး)တို့၏ပွဲစဉ်များ ပါဝင်မည်ဖြစ်သည်။

ဒုတိယနေ့ပွဲစဉ်များအဖြစ် လုံးချော(ညောင်တုန်း)နှင့်စောငမန်း(ဘားအံ)၊ ကျော်ခေါက်(ဒေါင်းမြန်မာ)နှင့် အောင်ဒီပ(အလင်းရောင်)၊ မိုးသီး(မြန်မာပြည်သား)နှင့်ဇော်ဝိတ်(ရက္ခဗျာလ)၊ ဒေါနအောင်(ရွှေလက်ရာ)နှင့် ကျန်စစ်အောင်(အလင်းရောင်)၊ စောသဲမင်း(K.L.N)နှင့် ဒေဝဗလ(ရက္ခဗျာလ)၊ ဟိန်းညီညီ(အလင်းရောင်)နှင့် ရှမ်းသွေးလေး(ဒေါင်းမြန်မာ)၊ စောအာကာ(K.L.N)နှင့် ကစောပါး(ဘိလပ်မြေစက်ရုံ)၊ အောင်သူရ(ဒေါင်းမြန်မာ)နှင့် ထူးစံ(ရက္ခဗျာလ)၊ စောသဲအောင်(တွံတေး)နှင့် မောရွှေ(အလင်းရောင်)တို့ပွဲစဉ်များဖြစ်သည်။

မကြာမီကျင်းပတော့မည့် မြန်မာ့ရိုးရာလက်ဝှေ့စိန်ခေါ်ပွဲများတွင် ပရိသတ်အကြိုက်ဖြစ်လာနိုင်သည့် အဓိကပွဲစဉ်(သုံး)ပွဲပါဝင်နေပြီး ယင်းပွဲစဉ်များမှာ လုံးချောနှင့် စောငမန်း၊ တွေ့မရှောင်နှင့် သူရရဲအောင်၊ စောပဂရေမှူးနှင့် ဖိုးကေတို့၏ ဘတစ်ပြန်ကျားတစ်ပြန်ဖြင့် အလဲအကွဲ ထိုးသတ်ကြမည့်ပွဲများပင်ဖြစ်သည်။

**လုံးချော(ညောင်တုန်း) - စောငမန်း(ဘားအံ)**

ထပ်ဆင့် အလွတ်တန်း ရွှေခါးပတ်ချန်ပီယံလုံးချောနှင့် နယ်စပ်လက်ဝှေ့ကျော် စောငမန်းတို့တစ်ကျော့ပြန်ပြန်လည်တွေ့ဆုံကြသည့်ပွဲဖြစ်သည်။ လုံးချောနှင့် စောငမန်းတို့မှာ ယခင်ကတွေ့ဆုံနေကျ လက်ဝှေ့သမားများဖြစ်ပြီး ဘယ်လ်အမ်မျှော်စင်ကျွန်းမှစိန်ခေါ်သံ(၃)တွင် လုံးချောကစောငမန်းကို အနိုင်ရထားသည်။ စောငမန်းမှာ လုံးချောထက်စော၍ လက်ဝှေ့ကြိုးဝိုင်းထဲကို ဝင်ရောက်ခဲ့သူဖြစ်ပြီး အယ်လ်ထီးကော်၊ ရှမ်းလေးသွေးတို့ အကောင်းဆုံးအနေအထားရှိစဉ်က ထိုးသတ်ခဲ့ဖူးသူဖြစ်သည်။ စောငမန်းမှာ ထို့နောက်ပိုင်း လက်ဝှေ့ကြိုးဝိုင်းနှင့် အလှမ်းဝေးနေရာမှ မကြာသေးမီကာလမှ ပြန်လည်အခြေချလာသူဖြစ်သည်။ နိုင်ငံတကာရိုးရာလက်ဝှေ့စိန်ခေါ်ပွဲများအတွက် သုဝဏ္ဏကွင်းတွင် စခန်းဝင် လေ့ကျင့်နေသူဖြစ်ပြီး ဩဂုတ် (၉ ၊ ၁၀)ရက်က ကျင်းပခဲ့သော လက်ရည်စစ်ပွဲတွင် ဒေါင်းညိုလေးကို အလဲထိုးထားသူဖြစ်သည်။ စောငမန်းမှာ ယခုရက်ပိုင်းအတွင်း ဖခင်ကွယ်လွန်ခဲ့သော်လည်း လုံးချောနှင့်ပွဲတွင် အနိုင်ရအောင် ထိုးသွားမည်ဟုသိရသည်။

မြန်မာပြည်ချန်ပီယံလုံးချောမှာလည်း ယခုနောက်ပိုင်း စိန်ခေါ်ပွဲများအတွက် အလဲထိုးအနိုင်ရလဒ်များနှင့်အတူ ပိုမိုအစွမ်းပြလာသူဖြစ်သည်။ စိန်ခေါ်သူ နယ်စပ်လက်ဝှေ့ကျော် ဝဏ္ဏ(မျိုးဇာနည်)နှင့် လက်ရည်စစ်ပွဲတွင် ရွှေခါးပတ်ချန်ပီယံရန်ကြီးအောင်(မြို့တော်စည်ပင်)တို့ကို အလဲထိုးများဖြင့် အနိုင်ရထားသူဖြစ်ပြီး သရေပွဲများနေမှုကို ယင်းအလဲထိုးအနိုင်ရလဒ်များဖြင့် ဖြိုဖျက်ပြခဲ့သူဖြစ်သည်။ လုံးချောနှင့် စောငမန်းတို့မည်သည့်ရလဒ်ထွက်ပေါ်မလဲဆိုတာ စက်တင်ဘာ ၂၈ ရက်တွင် အဖြေပေါ်တော့မည်ဖြစ်သည်။

**တွေ့မရှောင် - သူရရဲအောင်**

မြန်မာ့ရိုးရာ လက်ဝှေ့အစွမ်းကို ပြည်တွင်းမှာသာမက ဥရောပနိုင်ငံဖြစ်သည့် ဩစတြီးယားနိုင်ငံအထိပင်ပြသခဲ့သူဖြစ်သည်။ ဩစတြီးယားပြန် ရွှေခါးပတ်ချန်ပီယံတွေ့မရှောင်မှာ နိုင်ငံတကာ လက်ဝှေ့ပြိုင်ပွဲများအတွက် စခန်းဝင်လေ့ကျင့်နေသူဖြစ်ပြီး လက်ရည်စစ်ပွဲတွင် အောင်ဇေယျကို အလဲထိုးအနိုင်ရထားသူဖြစ်သည်။ ရွှေခါးပတ်ချန်ပီယံဆုကို နှစ်ထပ်ကွမ်းရရှိထားသူ သူရရဲအောင်မှာ နောက်ဆုံးထိုးသတ်ခဲ့သည့်ပွဲတွင် ဝဏ္ဏကို အနိုင်ရထားသူဖြစ်သည်။ နှစ်ကြိမ်တွေ့ဆုံဖူးရာတွင် နှစ်ကြိမ်စလုံးသရေပွဲများဖြင့် အဆုံးသတ်ခဲ့သည့် တွေ့မရှောင်နှင့် သူရရဲအောင်တို့ပွဲမှာ ယခုတစ်ကြိမ်တွင် ကောအရှုံးအနိုင်ပေါ်မလားဆိုတာ လက်ဝှေ့ပရိသတ်များ မျှော်လင့်နေကြသည်။ (ကြေးမုံ)



စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီ တော်ခရမ်းကျေးရွာအုပ်စုအတွင်းရှိ ကျေးရွာများအတွက် သုံးပွင့်ဆိုင် ဗဟိုအဖွဲ့မှ လှူဒါန်းသည့်လှေများ တည်ဆောက်နေမှုအခြေအနေကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

# ကချင်ပြည်နယ်ရှိ လမ်း၊ တံတား ပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်းများ ဝန်ကြီး ဗိုလ်ချုပ်စောထွန်း ကြည့်ရှုစစ်ဆေး

နေပြည်တော် စက်တင်ဘာ ၂၄

**ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စောထွန်းသည် စက်တင်ဘာ ၁၇ ရက်တွင် မြစ်ကြီးနားမြို့ ဗလမင်းထင်တံတား ရှင်းလင်းဆောင်၌ မြစ်ကြီးနား- ဆွမ်ပရာဘွန်-ပူတာအိုလမ်းလုပ်ငန်းများ အပိုင်းလိုက် တာဝန်ယူ ဆောင်ရွက်လျက်ရှိသော ခရိုင်အဖွဲ့နှင့် လမ်းတည်ဆောက်ရေး စီမံကိန်းအထူးအဖွဲ့များမှ တာဝန်ခံ အင်ဂျင်နီယာများအား လုပ်ငန်းများ ဆောင်ရွက်ရမည့်အခြေအနေနှင့် စပ်လျဉ်း၍ တွေ့ဆုံမှာကြားသည်။**

ဆက်လက်၍ဝန်ကြီးနှင့်အဖွဲ့သည် ဗလမင်းထင်တံတားကြီး ကြံ့ခိုင်မှု အခြေအနေတို့ကို လိုက်လံကြည့်ရှုစစ်ဆေးသည်။

စက်တင်ဘာ ၁၈ရက်တွင် ဝန်ကြီးနှင့်အဖွဲ့သည် မြစ်ကြီးနား-ဗန်းမော်လမ်းပေါ်ရှိ တာပိန်မြစ်ကူးကြိုးတံတား ကြံ့ခိုင်မှုအခြေအနေကိုလည်းကောင်း၊ စက်တင်ဘာ ၁၉ ရက်တွင် ဗန်းမော်-ရွှေကူလမ်းပေါ်ရှိ မံရွှတ်တံတား ကြံ့ခိုင်မှုဆောင်ရွက်နေသည့် အခြေအနေကိုလည်းကောင်း၊ စက်တင်ဘာ ၂၀ရက်တွင် မန္တလေး - မတ္တရာ - သပိတ်ကျင်းလမ်း ပေါ်ရှိ ကျောက်အိုးတံတား၏ ကြံ့ခိုင်မှုအခြေအနေနှင့် အသစ်တည်ဆောက်မည့် လျာထား တံတားအူကြောင်း အခြေအနေတို့ကို လည်းကောင်း ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ဝန်ကြီးနှင့် အဖွဲ့သည် လက်ပံလှတံတား စီမံကိန်း ရှင်းလင်းဆောင်သို့ ရောက်ရှိပြီး ဝန်ကြီးက တာဝန်ရှိသူတို့အားလုပ်ငန်းဆောင်ရွက်မှုများနှင့် စပ်လျဉ်း၍မှာကြားကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

## စစ်မှုထမ်းဟောင်းကြီးကြပ်ရေးအဖွဲ့ ညှိနှိုင်းစည်းဝေး

**ရန်ကုန် စက်တင်ဘာ ၂၄**

ပဲခူးတိုင်းစစ်မှုထမ်းဟောင်း ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးဝင်းထွန်းသည် စက်တင်ဘာ ၁၂ ရက်က ပဲခူးမြို့ တိုင်းစစ်မှုထမ်းဟောင်းအဖွဲ့ရုံး၌ ပဲခူးခရိုင်မှ မြို့နယ်စစ်မှုထမ်းဟောင်းအဖွဲ့ဥက္ကဋ္ဌ၊ ကြီးကြပ်ရေးအဖွဲ့ဝင်များနှင့် တွေ့ဆုံပြီး အရန်အဖွဲ့ဝင်သတ်မှတ်အချိုးအတိုင်း ပြည့်မီရေး၊ (၇၅)နှစ်အထက် စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၊ အခြေခံပညာအထက်တန်းအောင် မိသားစုများ ထောက်ပံ့ငွေ ပေးအပ်ရေး၊ မြို့နယ်အလိုက် သက်သာချောင်ချိရေး၊ ရန်ပုံငွေရရှိရေးလုပ်ငန်းများ အသေးစိတ် ညှိနှိုင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။

(မြို့နယ်စစ်မှုထမ်းဟောင်း)

## ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီ ကွမ်းခြံကုန်းမြို့ သန့်ရှင်းသာယာရေး ကြည့်ရှုစစ်ဆေး

ရန်ကုန် စက်တင်ဘာ ၂၄

**စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီသည် စက်တင်ဘာ ၂၀ ရက် နံနက်ပိုင်းတွင် ရန်ကုန်တိုင်း ကွမ်းခြံကုန်းမြို့ မြို့အဝင်လမ်းတစ်လျှောက် သန့်ရှင်းသပ်ရပ်သာယာလှပရေးနှင့် လမ်းဘေး ဝဲ၊ ယာတစ်လျှောက် သစ်ပင်များ စိုက်ပျိုးထားရှိမှုကို ကြည့်ရှုစစ်ဆေးသည်။**

ထို့နောက် ဝန်ကြီးသည် တော်ခရမ်းကျေးရွာအုပ်စု ဆိပ်ကြီးကျေးရွာ၌ ဒေသခံပြည်သူများနှင့် တွေ့ဆုံကာ လေဘေးသင့် တော်ခရမ်းအရှေ့နှင့် တော်ခရမ်းအနောက် ကျေးရွာအုပ်စုများမှ ကျေးရွာခြောက်ရွာရှိ အိမ်ထောင်စုများအား အလှူရှင်များ၏ လှူဒါန်းမှုကို တက်ရောက်အားပေးပြီး တော်ခရမ်းအုပ်စုအတွင်းရှိ ကျေးရွာများအတွက် သုံးပွင့်ဆိုင် ဗဟိုအဖွဲ့မှ လှူဒါန်းသည့် လှေများတည်ဆောက်နေမှုကို ကြည့်ရှုစစ်ဆေးသည်။

**တက်ရောက်အားပေး**

ဆက်လက်၍ဝန်ကြီးသည်တော်ကူးအနောက်ကျေးရွာအုပ်စု၌ ကျင်းပသော တော်ကူးအရှေ့နှင့် တော်ကူးအနောက်ကျေးရွာ အုပ်စုများရှိ အိမ်ထောင်စုများအား ထောက်ပံ့ရေးပစ္စည်းများ ပေးအပ်လှူဒါန်းပွဲသို့ တက်ရောက်အားပေးသည်။

ယင်းနောက် ဝန်ကြီးသည် ကွမ်းခြံကုန်းမြို့ တောင်ဘက်ပိုင်းရပ်ကွက်၌ လေဘေးသင့် ပြည်သူများအတွက် အေးရှားဝေါလ်ကုမ္ပဏီမှ တာဝန်ယူဆောက်လုပ် လှူဒါန်းလျက်ရှိသော လူနေအိမ်များ တည်ဆောက်ပြီးစီးမှုအခြေအနေကို ကြည့်ရှုစစ်ဆေးပြီး ဆောက်လုပ်ပြီး နေအိမ်များနှင့် နေအိမ်ဝင်းအတွင်း ဆယ်မျိုးဆယ်ပေါင်သီးပင်၊ စားပင်များ စိုက်ပျိုးထားရှိမှုတို့ကို လိုက်လံကြည့်ရှုစစ်ဆေးကာ ပြည်သူများအား ရင်းရင်းနှီးနှီးတွေ့ဆုံ၍လိုအပ်သည်များကို ပံ့ပိုးဖြည့်ဆည်းပေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

## ဆေးလိပ်ဆေးရွက်ကြီး သုံးစွဲမှု အသိပညာပေး ဆွေးနွေး

**ရန်ကုန် စက်တင်ဘာ ၂၄**

ကျန်းမာရေးဝန်ကြီးဌာန ဆေးလိပ်ကင်းဝေးရေး စီမံချက်အရ မန္တလေးတိုင်း ဆေးလိပ်ဆေးရွက်ကြီး သုံးစွဲမှုကင်းဝေးရေး အလုပ်ရုံဆွေးနွေးပွဲကို စက်တင်ဘာ ၁၅ရက် နံနက် ၉ နာရီတွင် မန္တလေးတိုင်း ကျန်းမာရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အဆိုပါ အလုပ်ရုံ ဆွေးနွေးပွဲသို့ ကျန်းမာရေး ဦးစီးဌာန၊ ကျောင်းကျန်းမာရေး ဒုတိယညွှန်ကြားရေးမှူး ဒေါက်တာအောင်ထွန်း ဦးဆောင်သော အဖွဲ့ဝင်များ၊ မန္တလေးတိုင်းအဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ခရိုင်၊ မြို့နယ်ကျန်းမာရေးဦးစီးဌာနမှ ဆေးရုံအုပ်ကြီးများ၊ ခရိုင်မြို့နယ်ကျန်းမာရေး ဦးစီးဌာနမှူးများ၊ မန္တလေးတိုင်း ပညာရေးမှူးရုံးမှ လက်ထောက်ပညာရေးမှူးများ၊ ခရိုင်၊ မြို့နယ်များမှ မြို့နယ်ပညာရေးမှူးများ တက်ရောက်ကြသည်။

အခမ်းအနားတွင် မန္တလေးတိုင်း ကျန်းမာရေးဦးစီးဌာန၊ တိုင်း ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာခင်မောင်ထွန်းက အဖွင့်အမှာစကား ပြောကြားသည်။

အဆိုပါ အလုပ်ရုံဆွေးနွေးပွဲကို စက်တင်ဘာ ၁၅ ရက်မှ ၁၆ ရက် အထိကျင်းပခဲ့ကြောင်း သိရသည်။

(၄၆၉)

## လိုင်း ၃၀၀ ဒီဂျစ်တယ်အိတ်ချိန်း တည်ဆောက်

**ရန်ကုန် စက်တင်ဘာ ၂၄**

ကချင်ပြည်နယ် မိုးမောက်မြို့နယ်၌ လိုင်း ၃၀၀ အော်တိုဒီဂျစ်တယ် အိတ်ချိန်း တည်ဆောက်ခြင်း လုပ်ငန်းကို ဩဂုတ် ၁ ရက်မှစတင်၍ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိရာ စက်တင်ဘာ ၂၀ ရက်အထိ ရုံးအဆောက်အအုံ ပြုပြင်မွမ်းမံခြင်း၊ အိတ်ချိန်းစက် တပ်ဆင်ခြင်း၊ မြေအောက်ကြိုးများ တပ်ဆင်ခြင်း၊ တယ်လီဖုန်းတိုင်များ စိုက်ထူခြင်း၊ မြို့တွင်း ကေဘယ်ကြိုးများ တပ်ဆင်ခြင်း စသည့်လုပ်ငန်းများကို ဗန်းမော်ခရိုင် တာဝန်ခံအင်ဂျင်နီယာ ဦးဇော်လွင်ဦးက ပြည်နယ်မန်နေဂျာ ဦးမိုးဆောင်၏ ကြီးကြပ်မှုဖြင့် အကောင်အထည်ဖော် ဆောင်ရွက်လျက် ရှိကြောင်း သိရသည်။

(မြို့နယ်ပြန်/ဆက်)

## မိတ္ထီလာဘိုးဘွားရိပ်သာသို့ ပစ္စည်းနှင့်အလှူငွေလှူဒါန်း

**ရန်ကုန် စက်တင်ဘာ ၂၄**

မိတ္ထီလာမြို့၊စာတိုက်လမ်းနေ ကွယ်လွန်သူများဖြစ်ကြသော ဗိုလ်မှူးအောင်မြင့် (ငြိမ်း) - ဒေါ်ခင်ခင်အေးတို့အား ရည်စူး ၍ ကျန်ရစ်သူမိသားစုက ဆွမ်းပဒေသာပင်အတွက် ငွေကျပ်သုံးသိန်း၊ ကွယ်လွန်သူ သမီးရွှေရည်ဖူးအား ရည်စူး၍ မိတ္ထီလာမြို့နေ ဦးထိန်ဝင်း-ဒေါ်ဖြူဖြူဝင်းမိသားစုတို့က ဆွမ်းပဒေသာပင်အတွက် ငွေကျပ်တစ်သိန်း၊ ရှိုးကစ်ဘီဒိုတစ်လုံးနှင့် ဆေးပစ္စည်းများအား ဘိုးဘွားရိပ်သာသို့ အသီးသီးပေးအပ် လှူဒါန်းခဲ့ကြောင်းသိရသည်။

(၅၄၂)

## သဘာဝသတ္တလောက အင်တာနက်သတင်းဆောင်းပါး



# လျှို့ဝှက်ဆန်းပြား ဝေလငါး

ဝေလငါးများသည် လူသားတို့အတွက် လျှို့ဝှက်နက်နဲပြီး ပဟေဠိဆန်သည့် ရေနေသတ္တဝါများဟု ဆိုလောက်သည်။ ဝေလငါး၏ အဆီ၊ ဝေလငါး၏ အထက်မေးရိုးမှ အရိုးကဲ့သို့သော အမျှင်များရရှိရန် ရာစုနှစ်ပေါင်းများစွာ လူတို့က ဖမ်းဆီးသတ်ဖြတ်ခဲ့ကြသည်။ လူတို့၏ ရန်ကြောင့် နှစ်စဉ် အသက်ဆုံးရှုံးရသည့် ဝေလငါးများ၏ အရေအတွက် အထူးများပြားခဲ့ရာမှ မျိုးသုဉ်းလုဖြစ်ခဲ့သည်။

သို့သော် ဝေလငါးများကိုလိုက်လံဖမ်းဆီးသတ်ဖြတ်သည့် ကာလမှသည် ယခုအခါ ၎င်းတို့၏ လှုပ်ရှားသွားလာပုံကို အလှကြည့်သည့် အနေအထားသို့ ရောက်လာခဲ့ပြီဖြစ်၏။

(၁၇)ရာစုလယ် အတိအကျဆိုပါက ၁၆၂၀ ပြည့်နှစ်က မြောက်အမေရိကကမ်းခြေ ပရောဗင့်စ်တောင်းဆိပ်ကမ်းသို့ ရောက်ရှိခဲ့သူများသည် ရာချီရှိသော ဝေလငါးအုပ်ကြီး ဘာသာဘာဝပျော်မြူးနေသည်ကို စတင်တွေ့ခဲ့ကြသည်။ ယင်းသတ္တဝါများကို ရယူဖမ်းဆီးနိုင်မည့် နည်းလမ်းနှင့် ပစ္စည်းကိရိယာသာရှိပါက ကောင်းစွာကြီးပွားချမ်းသာနိုင်မည်ကို မျှော်တွေးခဲ့ကြသည်။ (၁၉)ရာစုစောစောပိုင်းတွင်မူ ဤဆိပ်ကမ်းတွင် ဝေလငါးဖမ်းသင်္ဘောပေါင်း ၇၀ ပေါ်လာပြီး ရေသတ္တဝါကြီးများကို အကြီးအကျယ် ဖမ်းဆီးရယူသည့် နေရာဖြစ်လာခဲ့သည်။ ယခုတော့ ဤနေရာသည်ပင် ဝေလငါးတို့၏ သဘာဝကို အလှကြည့်ရာ အဓိကနေရာ ဖြစ်လာခဲ့သည်။

ဝေလငါးကြီးများကို ပထမဆုံး စတင်တွေ့ဖူးသူများအဖို့ တအံ့တဩရှိမှုကြောင့် နှုတ်မှအာမေဍိတ်သံများ ထွက်လာစမြဲဖြစ်သည်။ အလျားပေ ၅၀ရှည်လျားပြီး တန်ချိန် ၅၀ ခန့် အလေးချိန်စီးသည့် ဧရာမ ဤသတ္တဝါကြီးများ ရေပေါ်သို့ ဘွားခနဲပေါ်လာပြီး ခဏတာမျှ မြောက်တက်ကာဗွမ်းခနဲ ရေထဲသို့ ပြန်လည်ငုပ်လျှိုးပျောက်ကွယ်သွားပုံများက စွဲငြိစရာ မြင်ကွင်းပင်ဖြစ်သည်။

လွန်ခဲ့သည့် နှစ် ၁၅၀က စာရေးဆရာ မဲလ်ဗီးလ်က ပြောဖူးသည်။ ဝေလငါးများမှာ တစ်ကောင်ချင်း၏ ကြမ္မာအနေဖြင့် ရှင်သန်ရန် ခက်ခဲသော်လည်း ၎င်းတို့သည် ပင်လယ်များကို ဖြတ်သန်းကူးခတ်နိုင်ကြသည်ဟု ဆိုသည်။

မှန်ပါသည်။ (၂၀)ရာစုနှစ်အတွင်း ဝေလငါးများ သတ်ဖြတ်ဖမ်းဆီးခံရမှုမှာ လွန်စွာများလှသည်။ ၁၉၅၁ ခုနှစ်က အထူးများသည်။ ဤရေသတ္တဝါကြီးများအား ဖမ်းဆီးသတ်ဖြတ်ခြင်းမပြုရန် ကမ္ဘာအနှံ့ တားမြစ်လိုက်ချိန်တွင်မူ ၎င်းတို့၏ အရေအတွက် ပြန်တိုးလာခဲ့သည်။ အိုင်းရစ်ပင်လယ်တွင် အပြာရောင်ဝေလငါးများကို ပြန်တွေ့လာရကာတိုးပွားလာသည့် ဝေလငါးများသည်လည်း မျိုးသုဉ်းမည့်အဆင့် မဟုတ်တော့ပါ။

စာရေးဆရာ မဲလ်ဗီးလ်၏အမြင် မှန်ကန်တော့မည် ဖြစ်ပါသည်။ **(မောင်မောင်အေး)**

# နိုင်ငံတကာအားကစားသတင်းများ

**ဝင်းတင်(ကြေးမုံ) တင်ပြသည်။**

## ၂၀၁၀ ကမ္ဘာ့ဖလားလာဘ်ကောင်ရုပ်အဖြစ် ဇာကူမီအမည်ရ ကျားသစ်တစ်ကောင်ပုံအားရွေးချယ်သတ်မှတ်

**လန်ဒန် စက်တင်ဘာ ၂၄**




၂၀၁၀ ကမ္ဘာ့ဖလား၌အသုံးပြုမည့် လာဘ်ကောင်ရုပ်အဖြစ် ဇာကူမီဟုခေါ်သည့် ကျားသစ်တစ်ကောင် (Leopard named Zakumi) ပုံအား ရွေးချယ်သတ်မှတ်လိုက်ကြောင်း တောင်အာဖရိကမှ ကမ္ဘာ့ဖလားကျင်းပရေးကော်မတီက တနင်္လာနေ့တွင် ထုတ်ပြန်ကြေညာခဲ့သည်။ ထို့ကြောင့် ဇာကူမီဟုခေါ်သော ပွေ့ဖက်ချင်စရာကောင်းသည့် ကျားသစ်လေး တစ်ကောင်အား ၂၀၁၀ ကမ္ဘာ့ဖလား၏ လာဘ်ကောင်ရုပ်အဖြစ် မြင်တွေ့ရတော့မည်ဖြစ်သည်။

အဆိုပါ လာဘ်ကောင်ရုပ်ဖွင့်လှစ်သည့် အခမ်းအနားသို့ ကမ္ဘာ့ဖလားပြိုင်ပွဲကျင်းပရေးကော်မတီ အမှုဆောင်အရာရှိ ဒန်နီဂျော်ဒန်၊ ဖီဖာ၏ စျေးကွက်ဒါရိုက်တာ သီယာရီဝီလ်နှင့် ကမ္ဘာကျော်ဘောလုံးသမားများ တက်ရောက်ခဲ့ကြသည်။ ဇာကူမီ၏ ပထမစာလုံးနှစ်လုံး (Za)မှာ ရှေးယခင်အဦးဆုံး အာဖရိကစကားလုံးဖြစ်ပြီး တောင်အာဖရိကဘာသာစကား ၁၁မျိုးအနက် တစ်ခုအပါအဝင်ဖြစ်သည်။ ကူမီ(Kumi)၏အဓိပ္ပာယ်မှာ အာဖရိကရှိ ဘာသာစကားမျိုးစုံတွင် အသုံးပြုသည့် နံပါတ်(၁၀)ကို ဆိုလိုသည်။ ဇာကူမီမှာ အာဖရိကဘာသာစကားဖြင့် (Come here) “ဒီကိုလာပါ” ဟုလည်း အဓိပ္ပာယ်ရသည်။

ဒါ့အပြင် ကမ္ဘာ့ဖလားပြိုင်ပွဲကျင်းပရေးကော်မတီ အမှုဆောင်အရာရှိ ဒန်နီဂျော်ဒန်က “ ဇာကူမီဟာ တောင်အာဖရိကနိုင်ငံရဲ့ ဂုဏ်ယူစရာအမှတ်အသားဖြစ်ပြီး ကမ္ဘာ့ဖလားပြိုင်ပွဲရဲ့ သံတမန်လည်းဖြစ်ပါတယ်၊ သူဟာငယ်ရွယ်ပြီး ခွန်အားရှိတယ်၊ ရည်မှန်းချက်ရှိတယ်၊ စမတ်ကျတယ်၊ လူသားအားလုံးအတွက် စေ့ဆော်မှုလည်းပေးတယ်” ဟု ပြောကြားခဲ့သည်။ ***အင်တာနက်။***

## မန်စီးတီးနှင့် အဘူဒါဘီ အုပ်စု၏ နောက်ဆုံးအခြေအနေ

**ဒူဘိုင်း စက်တင်ဘာ ၂၄**

ယူအေအီးနိုင်ငံမှ အဘူဒါဘီအုပ်စုသည် အင်္ဂလန်ပရီမီယာလိဂ်ကလပ် မန်စီးတီး၏ ရှယ်ယာများအားလုံးကို အပြီးအပိုင် ဝယ်ယူလိုက်ပြီဖြစ်သည်။ အဘူဒါဘီအုပ်စုသည် မန်စီးတီး၏ ဥက္ကဋ္ဌသစ်အဖြစ် ခေါ်ဒွန်အယ်လ်မူဘာရက်ကို ခန့်ထားမည်ဖြစ်သည်။

**၁၀နှစ်စီမံကိန်း**

မန်စီးတီး၏ ဥက္ကဋ္ဌသစ် ဖြစ်လာမည့် ခေါ်ဒွန်အယ်လ်မူဘာရက်က “ကျွန်တော်တို့ဟာ လူအများထင်ကြေးပေးနေသလို ငွေကို ပုံးပေါလအော သုံးပြီး ကစားသမားများကို အရမ်းကာရော လျှောက်ဝယ်နေမှာ မဟုတ် ပါဘူး။ကလပ်ကို သင့်လျော်မှန်ကန်တဲ့ နည်းလမ်းတွေနဲ့ အောင်မြင်အောင် ကြိုးစားလုပ်ကိုင်သွားမှာပါ။ကလပ်အောင်မြင်ရေးအတွက် (၁၀)နှစ် စီမံကိန်းချမှတ်ပြီး အမှုဆောင်အရာရှိ ဘယ်ရီကွက်စ်၊ နည်းပြမာ့ခ်ဟုချ်တို့နဲ့ ပူးပေါင်းဆောင်ရွက်သွားမှာပါ။ ဒီလို စီမံကိန်းချမှတ်ဆောင်ရွက်ရာမှာ အဓိကအခန်းကဏ္ဍက ပါဝင်သူကတော့ နည်းပြ မာ့ခ်ဟုချ်ပဲ ဖြစ်ပါတယ်” ဟု ပြောကြားခဲ့သည်။

**မျှော်လင့်**

အဘူဒါဘီအုပ်စုသည် သူတို့၏ အသင်း အနာဂတ်တွင် ကျော်ကြားမှုရှိလာရေးအတွက် ထောက်ခံအားပေးသူ အမြောက်အမြားရှိလာရန် မျှော်လင့်နေကြသည်။

**Online တွင်ဖော်ပြ**

၃၅ ရာခိုင်နှုန်းသော အာရေဘီယံစီးပွားရေးခေါင်းဆောင်များက အဘူဒါဘီအုပ်စု လွှဲပြောင်းရယူထားသည့် ပရီမီယာလိဂ်ကလပ် မန်စီးတီးမှာ ကျရှုံးမှုများနှင့် အဆုံးသတ်နိုင်သည်ဟု ယုံကြည်နေကြကြောင်း Online တွင် ဖော်ပြထားသည်။***အင်တာနက်။***

**မန်စီးတီးအသင်း၏ ဥက္ကဋ္ဌသစ်ဖြစ်လာမည့် ခေါ် ဒွန် အယ် လ် မူဘာ ရက်။**



## ကားလင်းဖလားပွဲတွင် အာဆင်နယ်တို့ ဂိုးမိုးရွာပြီး မန်ယူမှစီရော်နယ်လ်ဒို ဂိုးစတင်သွင်းယူ

လန်ဒန် စက်တင်ဘာ ၂၄

**ကားလင်းဖလားတတိယအဆင့် ပထမနေ့ပွဲများကို ဗုဒ္ဓဟူးနေ့ နံနက်ကယှဉ်ပြိုင်ကစားခဲ့ပါတယ်။ ပထမနေ့ ပွဲများတွင် ပရီမီယာလိဂ်အသင်းကြီးများအားလုံး အနိုင်ရရှိခဲ့ပြီး နောက်တစ်ဆင့်သို့ တက်ရောက်သွားခဲ့ပြီ ဖြစ်ပါတယ်။**

**အာဆင်နယ်ဂိုးမိုးရွာ**

ကားလင်းဖလားပထမနေ့ပွဲတွင် ပရီမီယာလိဂ် ထိပ်သီးအသင်း အာဆင်နယ်ဟာ အိမ်ကွင်းမှာ ရှက်ဖီးယူနိုက်တက်နဲ့ ယှဉ်ပြိုင်ကစားခဲ့ရတာပါ။ဝင်းဂါးဟာ ဒီနေ့ပွဲမှာ အရန်တွေကိုသာ ထုတ်သုံးပြီး ၄း၄း၂ ပုံစံနဲ့ ပွဲထွက်ခဲ့တာပါ။ လျင်မြန်လှတဲ့ အာဆင်နယ်လူငယ်တွေရဲ့ခြေကို ဧည့်သည်ရှက်ဖီးတို့ ဘယ်လိုမှ မယှဉ်ပြိုင်နိုင်ခဲ့ပါဘူး။ ဒါကြောင့် အာဆင်နယ်တို့ အိမ်ကွင်းမှာ ခြောက်ဂိုးပြတ်သွင်းပြီး သက်သောင့်သက်သာနဲ့ နောက်တစ်ဆင့် တက်နိုင်ခဲ့ပါတယ်။

အာဆင်နယ်အတွက်ဂိုးများကို ပွဲချိန်၃၁မိနစ်နဲ့ ၄၂မိနစ်တို့မှာ ဘန်တနာ၊ ၄၄၊ ၅၀၊ ၈၇မိနစ်တို့မှာ ဗီလာနဲ့ ၅၇မိနစ်မှာ ဝီရှိုင်းယားတို့က သွင်းယူပေးခဲ့ပါတယ်။ အာဆင်နယ်အသင်းတွင် ပါဝင်ကစားခဲ့သူများမှာ ဂိုး-ဖေဘီယန်စကီး၊ နောက်တန်း- ဟွိုက်တီ၊ ဂျိုဂူး၊ ဆောင်း၊ ကလီယန်ဂစ်၊ အလယ်တန်း- ရန်ဒေါလ်၊ ရမ်ဆေး၊ ပီးရက်ဇ်၊ ဝီရှိုင်းယား၊ ရှေ့တန်း-ဘန်တနာနဲ့ ဗီလာတို့ဖြစ်ပါတယ်။

**စီရော်နယ်လ်ဒို ဂိုးစသွင်း**

ပထမနေ့တွင် ယှဉ်ပြိုင်ကစားခဲ့တဲ့ မန်ယူနဲ့ မစ်ဒယ်ဘရော့တို့ပွဲတွင် မန်ယူက မစ်ဒယ်ဘရော့ကို သုံးဂိုး-တစ်ဂိုးနဲ့ အနိုင်ရရှိသွားပါတယ်။ ယခုပွဲတွင် စီရော်နယ်လ်ဒိုမှာ မန်ယူအတွက် အဖွင့်ဂိုးသွင်းပေးခဲ့သလို ဒီရာသီမှာ သူ့ရဲ့ ပထမဦးဆုံးဂိုးလည်းဖြစ်ပါတယ်။ မန်ယူအတွက် ဂိုးများကို ပထမပိုင်း ၂၅မိနစ်တွင် စီရော်နယ်လ်ဒို၊ ၇၉မိနစ်တွင် ဂစ်နဲ့ မိနစ် ၉၀တွင် နာနီတို့က သွင်းယူပေးခဲ့ပါတယ်။ မစ်ဒယ်ဘရော့အတွက် တစ်လုံးတည်းသော ဂိုးကို ဒုတိယပိုင်း ၅၆မိနစ်တွင် ဂျွန်ဆင်က သွင်းယူပေးခဲ့ခြင်းဖြစ်ပါတယ်။

မန်ယူတွင် ပါဝင်ကစားခဲ့သူများမှာ ဂိုး-ဘန်အေမို့စ်၊ နောက်တန်း- ရာဖေးလ်၊ ဗီဒစ်၊ ဘရောင်း၊ အိုရှီးယား၊ အလယ်တန်း- နာနီ၊ ပိုဆီဘွန်း၊ အန်ဒါဆန်၊ ဂစ်၊ ရှေ့တန်း- ဝဲလ်ဘက်ခ်နဲ့ စီရော်နယ်လ်ဒိုတို့ ပါဝင်ကစားသွားခဲ့ပါတယ်။

**မန်ယူနဲ့ မစ်ဒယ်ဘရော့တို့ပွဲတွင် မန်ယူအတွက် အဖွင့်ဂိုးသွင်းပေးခဲ့သည့် စီရော်နယ်လ်ဒို။**

ကားလင်းဖလား တတိယအဆင့် ပထမနေ့ ပွဲစဉ် ရလဒ်များမှာ အောက်ပါ အတိုင်းဖြစ်ပါတယ်။

| | | |
|---|---|---|
| **အာဆင်နယ်** | ၆-၀ | **ရှက်ဖီးယူနိုက်တက်** |
| **ဘန်လေ** | ၁-၀ | **ဖူလ်ဟမ်** |
| **ရိုတာဟမ်** | ၃-၁ | **ဆောက်သမ်သန်** |
| **ဆွမ်ဆီး** | ၁-၀ | **ကာဒစ်ဖ်** |
| **လိဒ်စ်** | ၃-၂ | **ဟာတဲလ်ပိုးလ်** |
| **ဝက်ဖို့ဒ်** | ၁-၀ | **ဝက်စ်ဟမ်း** |
| **မန်ယူ** | ၃-၁ | **မစ်ဒယ်ဘရော့** |
| **လီဗာပူး** | ၂-၁ | **ခရူဝီ** |
| **စတုတ်စီးတီး** | ၂-၂ | **ရီးဒင်း** |
| **(ပယ်နယ်တီ ၄-၃ဖြင့် စတုတ်စီးတီးနိုင်)** | | |
| **ဆန်းဒါးလန်း** | ၂-၂ | **နော့သမ်တန်** |
| **(ပယ်နယ်တီ ၄-၃ ဖြင့်ဆန်းဒါးလန်းနိုင်)** | | |




## ဟာဂူပစ်တိုင်ဖွန်းမုန်တိုင်း တရုတ်တောင်ပိုင်းကမ်းခြေကို ဖြတ်ကျော်

ရန်ကုန် စက်တင်ဘာ ၂၄

**ယနေ့နံနက် ၉နာရီခွဲအထိ မိုးလေဝသတိုင်းထွာချက် အကျဉ်းချုပ်**

လွန်ခဲ့သော ၂၄နာရီအတွင်းက ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ စစ်ကိုင်းတိုင်းအောက်ပိုင်းနှင့် မကွေးတိုင်းတို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းခဲ့ပြီး ကချင်ပြည်နယ်နှင့်ဧရာဝတီတိုင်းတို့တွင် နေရာကွက်ကျား၊ ရှမ်းပြည်နယ်၊ စစ်ကိုင်းတိုင်းအထက်ပိုင်း၊ မန္တလေးတိုင်းနှင့် ပဲခူးတိုင်းတို့တွင် နေရာကျဲကျဲ၊ မွန်ပြည်နယ်နှင့် ရန်ကုန်တိုင်းတို့တွင် နေရာစိပ်စိပ်နှင့် ကျန်ပြည်နယ်နှင့် တိုင်းတို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာခဲ့သည်။ **မှတ်သားဖွယ်ရာမိုးရေချိန်များမှာ** နေပြည်တော်ရေဆင်းတွင် ဝဒသမ၀၈လက်မ၊ မြိတ်မြို့တွင် ၂ဒသမ၈၃လက်မ၊ ထားဝယ်မြို့တွင် ၁ဒသမ၄၂လက်မနှင့် မင်းတပ်မြို့တွင် ၁ဒသမ၃၀လက်မ တို့ဖြစ်ကြသည်။

**ဘင်္ဂလားပင်လယ်အော်အခြေအနေ။** ။ဘင်္ဂလားပင်လယ်အော်မြောက်ပိုင်းတွင် တိမ်ထူထပ်နေပြီး ကပ္ပလီပင်လယ်ပြင်နှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေအများအားဖြင့် အားအသင့်အတင့်ရှိနေသည်။

**ထူးခြားသည့်အခြေအနေ။** ။ ယနေ့ မြန်မာစံတော်ချိန် ၉း၃၀နာရီ အချိန်တိုင်းထွာ ချက်များအရ တောင်တရုတ်ပင်လယ်ပြင်တွင် ဖြစ်ပေါ်နေသော တိုင်ဖွန်းမုန်တိုင်း ‘ဟာဂူပစ်’ သည်တရုတ်နိုင်ငံ၊ နန်နင်းမြို့၏ အရှေ့တောင်ဘက် မိုင် ၁၄၀ခန့်အကွာတွင်ဗဟိုပြုနေပြီး တရုတ်နိုင်ငံတောင်ပိုင်းကမ်းခြေကို ဖြတ်ကျော်ဝင်ရောက်လျက်ရှိသည်။ အဆိုပါ တိုင်ဖွန်းမုန်တိုင်းသည် အနောက်ဘက်သို့ရွေ့လျားမည်ဟု ခန့်မှန်းရသည်။

**စက်တင်ဘာ၂၅ရက် ညနေထိ ခန့်မှန်းချက်။** ။ ရခိုင်ပြည်နယ်၊ မွန်ပြည်နယ်၊ ဧရာဝတီတိုင်းနှင့် တနင်္သာရီတိုင်းတို့တွင် နေရာအနှံ့အပြား၊ ချင်းပြည်နယ်၊ ကရင်ပြည်နယ်၊ စစ်ကိုင်းတိုင်းအထက်ပိုင်း၊ ရန်ကုန်တိုင်းနှင့် ပဲခူးတိုင်းတို့တွင် နေရာစိပ်စိပ်၊ ကချင်ပြည်နယ်နှင့်ရှမ်းပြည်နယ်တို့တွင် နေရာကျဲကျဲနှင့် ကျန်ဒေသများတွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ဖြစ်သည်။

**မြန်မာ့ပင်လယ်ပြင်တွင်** လှိုင်းအသင့်အတင့်ရှိမည်။

**နောက်နှစ်ရက်အတွက်ခန့်မှန်းချက်။** ။ မြန်မာနိုင်ငံအရှေ့ပိုင်းဒေသများတွင် မိုးပိုလာနိုင်သည်။

**နေပြည်တော်**နှင့်အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

**ရန်ကုန်မြို့**နှင့်အနီးတစ်ဝိုက်တွင် ယနေ့ မိုးတစ်ကြိမ်နှစ်ကြိမ် ထစ်ချုန်းရွာမည်။ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

**မန္တလေးမြို့**နှင့်အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

**ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင်ဖြစ်ပေါ်ခဲ့သော မိုးလေဝသအခြေအနေ**

**အမြင့်ဆုံးအပူချိန်**

၃၀ ဒသမ၀ ဒီဂရီစင်တီဂရိတ် (၈၆ ဒီဂရီဖာရင်ဟိုက်) ၂၃-၉-၂၀၀၈

**အနိမ့်ဆုံးအပူချိန်**

၂၀ ဒသမ ၉ ဒီဂရီစင်တီဂရိတ် (၇၀ ဒီဂရီဖာရင်ဟိုက်) ၂၄-၉-၂၀၀၈

၀၉း၃၀ နာရီအချိန် စိုထိုင်းဆ ၈၉ ရာခိုင်နှုန်း ၂၄-၉-၂၀၀၈

နေပူသည့်နာရီပေါင်း ၆ ဒသမ ၆နာရီခန့် ၂၃-၉-၂၀၀၈

**မိုးရေချိန်**

| **ရက်စွဲ** | **မင်္ဂလာဒုံ** | **ကမ္ဘာအေး** | **ရန်ကုန်မြို့လယ်** |
|---|---|---|---|
| ၂၄-၉-၂၀၀၈ | ၅မမ | ၁၁မမ | ၆မမ |
| | (၀ဒသမ၂၀လက်မ) | (၀ဒသမ၄၃လက်မ) | (၀ဒသမ၂၃လက်မ) |
| ၁-၁-၂၀၀၈မှ | ၂၄၃၂မမ | ၂၇၂၇မမ | ၃၁၆၆မမ |
| ယနေ့အထိ | (၉၅ဒသမ၇၅လက်မ) | (၁၀၇ဒသမ၃၆လက်မ) | (၁၂၄ဒသမ၆၄လက်မ) |

ရန်ကုန်(ကမ္ဘာအေး)၏ အများဆုံးလေတိုက်နှုန်းမှာ ၂၃-၉-၂၀၀၈ ရက် ၁၇း၁၅နာရီတွင် အနောက်မြောက်ဘက်မှ တစ်နာရီ ခုနစ်မိုင်နှုန်း တိုက်ခတ်သည်။

## ထူးကဲဒီရေတက်မည်

**ရန်ကုန် စက်တင်ဘာ ၂၄**

စက်တင်ဘာ ၂၈ရက်မှ အောက်တိုဘာ ၂ရက်အထိကာလအတွင်း ရန်ကုန်မြစ်အတွင်း အခြေခံရေစစ်မျဉ်းအထက် အမြင့်ပေ ၂၀ဒသမ၀၁ ပေခန့်မှ ၂၀ ဒသမ ၆၇ ပေခန့်အထိ ထူးကဲဒီရေတက်မည်ဖြစ်ကြောင်း၊ ယခင် ၂၀၀၆-၂၀၀၇ခုနှစ်များတွင် ရန်ကုန်မြစ်အတွင်း အခြေခံရေစစ်မျဉ်းအထက် အမြင့်ပေ ၂၁ ဒသမ ၇ ပေခန့်ထိ တက်ခဲ့ဖူးသဖြင့် စိုးရိမ်ဖွယ်မရှိကြောင်း မြန်မာ့ဆိပ်ကမ်းအာဏာပိုင်မှ သတင်းထုတ်ပြန်ထားသည်။

(သတင်းစဉ်)

**အားကစားမြှင့်တင် စိတ်လန်းရွှင် ဆန့်ကျင် မူးယစ်ဆေး**

# ကျိုင်းတုံလေယာဉ်ပြေးလမ်း တိုးချဲ့တည်ဆောက်ရေး ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်မင်းအောင်လှိုင် စစ်ဆေး

နေပြည်တော်　　စက်တင်ဘာ　　၂၄

**ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်မင်းအောင်လှိုင်သည် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ လိုက်ပါလျက် စက်တင်ဘာ ၂၃ ရက် နံနက် ၉ နာရီတွင် ရှမ်းပြည်နယ် (အရှေ့ပိုင်း) ကျိုင်းတုံမြို့သို့ လေကြောင်းခရီးဖြင့် ရောက်ရှိလာရာ ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ(အရှေ့ပိုင်း) ဥက္ကဋ္ဌ၊ တြိဂံဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ကျော်ဖြိုးနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြသည်။**

ထို့နောက် ဗိုလ်ချုပ်မင်းအောင်လှိုင်သည် ကျိုင်းတုံလေဆိပ် လေယာဉ်ပြေးလမ်း အချက်ပြမီး တပ်ဆင်ဆောင်ရွက်နေမှု၊ လေယာဉ်ပြေးလမ်း တိုးချဲ့တည်ဆောက်နေမှု၊ **စာမျက်နှာ ၃ ကော်လံ ၅ သို့ ✳**



ကျိုင်းတုံလေဆိပ် လေယာဉ်ပြေးလမ်း တိုးချဲ့စီမံကိန်းလုပ်ငန်း ဆောင်ရွက်နေမှုကို တွေ့ရစဉ်။

(သတင်းစဉ်)

## ဒို့ပန်းတိုင် အပျောက်မခံ

❐ မူဝါဒလမ်းစဉ်(၇)ရပ်
ချမှတ်လို့ အကောင်အထည်ဖော်။

❐ ဒို့တိုင်းပြည် ဒို့လူမျိုး
ကောင်းကျိုးကိုမျှော်။

❐ ဥပဒေအခြေခံ
ပြည်သူ့ Mandate အမှန်ပေမို့
သွေဖည်ရန် အတွေးမချော်
လက်တွဲခေါ် ကမ်းလင့်ထား။

❐ မလိုသူ ငမိုက်သားတွေက
ပျက်ပြားအောင် ဘယ်လိုနှောင့်စေတော့
ဒို့ပန်းတိုင် အပျောက်မခံပါဘု
မဖောက်ပြန် တစ်ယောက်မချန်စတမ်း
လှမ်းစို့ဒို့များ။　　။

**ကိုတိုး**

**အင်တာနက် ကျန်းမာရေးသတင်း**

## ရင်သားကင်ဆာဝေဒနာ စောစီးစွာ ကုသမှုခံယူပါက ဘဝတွင် ကောင်းမွန်စွာနေနိုင်

*ဝါရှင်တန်　စက်တင်ဘာ　၂၂*

ရင်သားကင်ဆာဖြစ်နေသော အမျိုးသမီးများသည် အဖုအကျိတ်ကို ခွဲထုတ်ခြင်းနှင့် ဓာတ်ရောင်ခြည်ပေး ကုသပါက အသက်ရှည်ကျန်းမာစွာ နေထိုင်နိုင်ကြောင်း၊ ထိုသို့ကုသမှုခံယူပြီးပါက အခြားအရွယ်ရောက်နေသော အမျိုးသမီးများကဲ့သို့ပင် တန်းတူ သွားလာနေထိုင်နိုင်ကြောင်း သတင်း၌ ဖော်ပြထား သည်။

ရင်သားကင်ဆာ ကုသမှုခံယူလိုက်ခြင်းကြောင့် ဘဝတွင် နေမှုထိုင်မှု ခေတ္တခဏသာ ကသိကအောက်ဖြစ်လာသော်လည်း ရေရှည်တွင် အများနည်းတူ သာမန်ဘဝအခြေအနေကို ပြန်လည်ရရှိနိုင်သည်ဟု ဖီလာဒဲလ်ဖီးယားရှိ ကင်ဆာကုသရေး ရောင်ခြည်ဌာနသို့ ရောက်ရှိလာသော ခေါင်းဆောင် သုတေသီ သမားတော် ဒေါက်တာ ဂါရီဖရိန်ဒမန်းက ပြောကြားသည်။

အမျိုးသမီး ၁၀၅၀ ဦးကို လေ့လာသုတေသန ပြုလုပ်ခဲ့ပြီးနောက် အထက်ပါ ကောက်ချက်ကို ဆွဲခြင်းဖြစ်သည်။ ၎င်းတို့သည် ရင်သားကင်ဆာကို ရောဂါမရင့်မီ ခွဲစိတ်ခြင်းနှင့် ဓာတ်ရောင်ခြည်ဖြင့် ကုသခြင်းများ ပြုလုပ်ခဲ့သည်။ သို့သော် ထိုလူနာများတွင် ဓာတုကုထုံးနည်းနှင့် ဟော်မုန်းကုထုံးနည်းတို့ဖြင့် ကုသမှု ခံယူထားသူများ ပါကောင်းမှ ပါမည်ဟု ဆိုသည်။ ယင်းတွေ့ရှိချက်များကို *စာမျက်နှာ ၉ ကော်လံ ၁ သို့* ▲

## မြန်မာပြည်ချန်ပီယံ လုံးချောနှင့် နယ်စပ်လက်ဝှေ့ကျော် စောငမန်းတို့ ရင်ဆိုင်ယှဉ်ပြိုင်ကြမည့် ရိုးရာလက်ဝှေ့စိန်ခေါ်ပွဲ

**သတင်း၊ ဓာတ်ပုံ - စိုးညွန့်(ကြေးမုံ)**

ရန်ကုန်　　စက်တင်ဘာ　　၂၄

**အားကစားဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံ ရိုးရာအားကစားအဖွဲ့ချုပ်တို့ ကြီးမှူး၍ Calsome ကွေကာ (Myanmar Distribution Group Co.,Ltd.)၏ အဓိကပံ့ပိုးကူညီမှုဖြင့် T & T Group မှ တာဝန်ယူကျင်းပသော Calsome Challenge Fight (I) မြန်မာ့ရိုးရာလက်ဝှေ့စိန်ခေါ်ပွဲကို စက်တင်ဘာ ၂၇ ရက်နှင့် ၂၈ ရက်တို့တွင် အမျိုးသားအားကစားပြိုင်ပွဲရုံ(၁) သုဝဏ္ဏ၌ ကျင်းပသွားမည်ဖြစ်သည်။**

နှစ်ရက်တိုင် ကျင်းပမည့် အဆိုပါ မြန်မာ့ရိုးရာလက်ဝှေ့စိန်ခေါ်ပွဲတွင် စက်တင်ဘာ ၂၇ ရက် ပထမနေ့တွင် ရှစ်ပွဲနှင့် စက်တင်ဘာ ၂၈ ရက် ဒုတိယနေ့တွင် ကိုးပွဲ ကျင်းပမည်ဖြစ်ပြီး အဓိက ရိုးရာလက်ဝှေ့စိန်ခေါ်ပွဲများအဖြစ် မြန်မာပြည်ချန်ပီယံ လုံးချော(ညောင်တုန်း)နှင့် နယ်စပ်လက်ဝှေ့ကျော် စောငမန်း(ဘားအံ)၊ ဩစတြီးယားပြန် ရွှေခါးပတ်ချန်ပီယံ တွေ့မရှောင်(K.L.N) နှင့် နှစ်ထပ်ကွမ်းရွှေခါးပတ်ချန်ပီယံ သူရရဲအောင် (မြန်မာပြည်သား)၊ တက်သစ်စလက်ဝှေ့ကျော် ဖိုးကေ(မန္တလေး)နှင့် စောပဂရေမှူး (K.L.N) တို့ ထိုးသတ်ကြမည်ဖြစ်သည်။

ပထမနေ့ပွဲစဉ်များအဖြစ် တွေ့မရှောင်(K.L.N)နှင့် သူရရဲအောင် (မြန်မာပြည်သား)၊ အောင်ပိုင်လင်း(ရက္ခဗျာလ)နှင့် **စာမျက်နှာ ၉ ကော်လံ ၅ သို့** ○



**မြန်မာပြည် ချန်ပီယံ လုံးချော (ညောင်တုန်း)**



## အင်းလေး ဈေးနေ့ မြင်ကွင်းများ

**သတင်းမှတ်စု**

ရှမ်းပြည်နယ်(တောင်ပိုင်း) အင်းလေးဒေသတွင် ကိုယ်တိုင်ထုတ်လုပ်သူများက စားသုံးသူများသို့ တိုက်ရိုက်ရောင်းချသော ငါးရက်တစ်ကြိမ်ကျ ရောင်းချသည့် ဈေးများရှိသည်။ အုပ်စုလိုက် ငါးရက်ကြာမှ တစ်ကြိမ်သာ ရောင်းချလေ့ရှိသော်လည်း အုပ်စု ငါးခုရှိသဖြင့် ဒေသအလိုက် ဈေးနေ့များ နေ့တိုင်းရှိကြောင်း သိရသည်။

ရွှေညောင်နှင့် ခေါင်တိုင်ဈေးမှာ တစ်နေ့တည်း ရောင်းချသောဈေးဖြစ်ပြီး ရွှေညောင်မှာ မြို့ပေါ်ဈေးဖြစ်၍ ခေါင်တိုင်မှာ ရေပေါ်ဈေးဖြစ်သည်။ **စာမျက်နှာ ၉ ကော်လံ ၂ သို့** ❖